မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၃၇ ]** ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် ( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက် ) } **သောကြာနေ့ [ အတွဲ ၆၉**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် )

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဘိုဘိုငယ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် )

**ရောဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ**
**လေ့လာစိစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းခြင်း**

၁။ ကချင်ပြည်နယ်အတွင်းဆောင်ရွက်မည့် ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်း များကို ဆက်လက်ဆောင်ရွက်ရန် သင့်မသင့်နှင့်စပ်လျဉ်း၍ လေ့လာစိစစ်သုံးသပ်တင်ပြနိုင်ရန် **“ဧရာဝတီ-**

**မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးတီခွန်မြတ်<br>ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်တင့်ဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒေါက်တာအောင်သူ<br>ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးသန့်စင်မောင်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးအုန်းဝင်း<br>ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးဖေဇင်ထွန်း<br>ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာမျိုးသိမ်းကြီး<br>ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးထွန်းထွန်းဦး<br>ပြည်ထောင်စုရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာခက်အောင်<br>ဝန်ကြီးချုပ်<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ည) | မိကွန်ချမ်း<br>ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်<br>အဖွဲ့ဝင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ | အဖွဲ့ဝင် |
| (ဋ) | ဒေါက်တာမြတ်ညာဏစိုး<br>အမျိုးသားလွှတ်တော်ကိုယ်စားလှယ်<br>အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ | အဖွဲ့ဝင် |
| (ဌ) | ဦးအုန်းမြင့်<br>ဒုတိယဝန်ကြီး (ငြိမ်း)<br>အကြံပေးအဖွဲ့ဥက္ကဋ္ဌ၊ အမျိုးသားရေအရင်းအမြစ်ကော်မတီ | အဖွဲ့ဝင် |
| (ဍ) | ဦးမျိုးမြင့်<br>ဒုတိယဝန်ကြီး (ငြိမ်း) | အဖွဲ့ဝင် |

(ပ) ဒေါ်မေရီမီနန်　　အဖွဲ့ဝင်
ဥပဒေချုပ် (ငြိမ်း)၊ ကချင်ပြည်နယ်

(ဖ) ဦးတင်မြင့်　　အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
ပြည်ထဲရေးဝန်ကြီးဌာန

(တ) ဦးမောင်မောင်အေး　　အဖွဲ့ဝင်
နာယက၊ Myanmar Environmental Institute

(ထ) ဦးဝင်းကျော်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတမံကြီးများအသင်း

(ဒ) ဦးချိုချို　　အဖွဲ့ဝင်
အကြံပေးအဖွဲ့ဝင်၊ အမျိုးသားရေအရင်းအမြစ်ကော်မတီ

(ဓ) ဒေါက်တာဝင်းသိမ်း　　အတွင်းရေးမှူး
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(န) ဒေါ်မိမိခိုင်　　တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

**လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်၏ တာဝန်များ**

၂။ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်သည် ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများနှင့်စပ်လျဉ်း၍ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးကို အခြေခံလျက် နိုင်ငံတော်နှင့် ပြည်ပရင်းနှီးမြှုပ်နှံသူတို့ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် သင့်လျော်သောနည်းလမ်းများရရှိစေရန် အောက်ပါအချက်များကို လေ့လာစိစစ်ပြီး သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ အစီရင်ခံတင်ပြရမည် -

(က) စီမံကိန်းများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သည့် နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ ပြည်တွင်းဥပဒေများနှင့် ဆောင်ရွက်သင့်သည့် နည်းပညာများကိုအသုံးပြု၍ စနစ်တကျဆောင်ရွက်ခြင်း ရှိ မရှိ၊

(ခ) စီမံကိန်းများကြောင့် လူမှုပတ်ဝန်းကျင်၊ ဂေဟစနစ်အပါအဝင် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့် ဆိုးကျိုးသက်ရောက်မှုများ၊

(ဂ) စီမံကိန်းများကြောင့် ဧရာဝတီမြစ်၏ရေသယံဇာတများ ပျက်စီးဆုံးရှုံးနိုင်မှု အခြေအနေ၊

(ဃ) စီမံကိန်းများကို ဆောင်ရွက်ခြင်းကြောင့် ဧရာဝတီမြစ်ညာပိုင်း (Up Stream၊ မြစ်ဆုံ၊ မြစ်အောက်ပိုင်း (Down Stream)၊ မြစ်ကြောင်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသအထိ ဖြစ်ပေါ်လာသည့် အကျိုးဆက်များနှင့် မြစ်ကြောင်းစီးဆင်းမှုကို ထိခိုက်နိုင်မှုအခြေအနေ၊

(င) မြန်မာနိုင်ငံ၏ အသက်သွေးကြောတစ်ခုဖြစ်သည့် ဧရာဝတီမြစ် ရေရှည်တည်တံ့နိုင်မှုအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေ၊

(စ) စီမံကိန်းများကို ဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းနိုင်မှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးနိုင်မည့်အခြေအနေ၊

(ဆ) စီမံကိန်းများဆက်လက်ဆောင်ရွက်ရန် သင့်မသင့်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးသက်ရောက်နိုင်မှု အခြေအနေ၊

(ဇ) စီမံကိန်းဆိုင်ရာစာချုပ်များအပေါ် လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူတို့ အကြား နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေရေး ညှိနှိုင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ။

၃။ ကော်မရှင်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား ပြည်သူလူထု၏ အကျိုးစီးပွားတိုးတက်ရေးတို့အပေါ် အခြေခံ၍ အကြံပြုချက်များနှင့် သုံးသပ်ချက်များကို ပြုစု တင်ပြရမည်။ ထိုသို့ တင်ပြရာတွင် ဒေသခံပြည်သူများနှင့် လူမှုအဖွဲ့အစည်းများ၏ ဇရာဝတီမြစ်အပေါ် ရင်မှာ ခံစား အလေးထားသည့်ခံစားချက်များ အပါအဝင် သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားရမည်။

၄။ နိုင်ငံတော်သမ္မတရုံးက ကော်မရှင်၏အုပ်ချုပ်မှုကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ပေးရန်နှင့် လုံခြုံရေး ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၅။ ကော်မရှင်သည် လေ့လာစိစစ်သုံးသပ်မှုများ ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက် များနှင့်အညီ လိုအပ်သောပုဂ္ဂိုလ်များကို ဖိတ်ခေါ်၍ မေးမြန်းဆွေးနွေးခြင်း၊ စာရွက်စာတမ်းများတောင်းယူခြင်း၊ လိုအပ်သည့်နေရာဒေသများသို့ သွားရောက်လေ့လာစစ်ဆေးခြင်း၊ ပြည်တွင်း ပြည်ပ ကျွမ်းကျင်သူများနှင့် ဆွေးနွေး ညှိနှိုင်းတိုင်ပင်ခြင်း၊ ခန့်ထားခြင်းတို့ကို ဆောင်ရွက်ပြီး နိုင်ငံတော်သမ္မတရုံး၏ သဘောတူညီချက်ဖြင့် ကျွမ်းကျင်မှု ဘာသာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၆။ ကော်မရှင်၏ လေ့လာစိစစ်သုံးသပ်မှု ပထမအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့အရောက် အစီရင်ခံတင်ပြရမည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက် )

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတွင် အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မရှင်" တွင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန (အစား) ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အား အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၁၆

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၆) ဖြင့် ဖွဲ့စည်းပေးခဲ့သည့် "အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ" အပိုဒ် ၁၊ အပိုဒ်ခွဲ (ဒ) တွင် **အဖွဲ့ဝင်**အဖြစ်ပါဝင်သော စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ထပ်မံဖြည့်စွက် ဖွဲ့စည်းလိုက်ပါသည် -

(၁) ဦးခင်မောင်ကျော်
နာယက၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
ဒုတိယဝန်ကြီး (ငြိမ်း)၊ စက်မှုဝန်ကြီးဌာန

(၂) ဒေါက်တာမောင်မောင်သိမ်း
ဒုတိယဝန်ကြီး (ငြိမ်း)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၃) ဦးကျော်နီခင်
Founder of Chindwin College

(၄) ဦးဝင်းထင်
ဥက္ကဋ္ဌ၊ Myanmar Chemical Engineers Group

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက် )

**မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅ ။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ
## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅ ။)

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေ (၂၀၀၂ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈။ ) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုလွှတ်တော်ရုံး
**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၆)**
၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်
( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက် )

**ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅(က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၈ ခုနှစ်၊ လ ရက်
( ၂၀၁၆ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဝင်ငွေနှစ်အတွက်မှ စတင်အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော "ကုမ္ပဏီများဆိုင်ရာအခွန်ရုံး" ဆိုသည့် စကားရပ်ကို "အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (န)၊ ပုဒ်မခွဲငယ် (၂) ၏ နောက်တွင် ပုဒ်မခွဲငယ် (၃) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၃) ဤဥပဒေအရ တောင်းခံသည့် သို့မဟုတ် အခွန်ထမ်းကိုယ်တိုင်က ဝင်ငွေကြေညာလွှာနှင့်အတူ စည်းကြပ်မှုခံယူထားသည့် အခွန်အားလုံးကိုဖြစ်စေ၊ တချို့တစ်ဝက်ကိုဖြစ်စေ သတ်မှတ်ထားသည့် သို့မဟုတ် တိုးမြှင့်ပေးထားသည့် အချိန်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်သူ၊"

၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) ပင်စင်၊ ပင်စင်မှ ပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊"

(ခ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) ကုလသမဂ္ဂ၊ သံတမန်၊ ကောင်စစ်ရေးရာ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။ ယင်းဥပဒေများမှတစ်ပါး အခြားဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်ကို မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။"

၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) (ခခ) တို့တွင် ပါရှိသော "အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများ" ဆိုသည့် စကားရပ်ကို "နည်းဥပဒေပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် အခွန်ထမ်း၏ အတူနေမိဘ၊ အိမ်ထောင်ဖက်နှင့် သားသမီးများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) ၌ ပါရှိသော "ပစ္စည်း" ဆိုသည့် စကားရပ်ကို "ပစ္စည်းငှားရမ်းခ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "လစာမှ ဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ၊ ပစ္စည်းမှဝင်ငွေ" ဆိုသည့် စကားရပ်ကို "အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။ မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ဆုကြေး၊ ချီးမြှင့်ငွေ၊ လစာနှင့် လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင်ထပ်ဆောင်း ရရှိသည့် အခကြေးငွေ၊ ကော်မရှင်တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်"။

၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၃) လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့် စရိတ်၊ မဆီလျော်သည့်စရိတ်၊ ထိုဝင်ငွေရရန် ကုန်ကျခြင်းမဟုတ်သည့် စရိတ်၊"

၁၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂ ၏ ဘေးခေါင်းစဉ်၌ပါရှိသော "ပစ္စည်း" ဆိုသည့် စကားရပ်ကို "ပစ္စည်းငှားရမ်းခ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) တွင်ပါရှိသော "ပစ္စည်းခေါင်းစဉ်ဖြင့်" ဆိုသည့် စကားရပ်ကို "ပစ္စည်းငှားရမ်းခခေါင်းစဉ်ဖြင့်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆-က တွင် ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) ပုဒ်မ ၁၅ အရ ပေးဆောင်ရသည့် အခွန်သည် ထိုနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့် အခွန်ဖြစ်ရမည်။ ယင်းအခွန်ကို -

(၁) သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်ပြီး သုံးလပြည့်မြောက်သည့်နေ့ရက်မှ ၁၀ ရက်အတွင်း သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ သတ်မှတ်ရက်အတွင်း ပေးသွင်းလျှင် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွက် ပေးသွင်းသည့် အခွန်အဖြစ်ဟု မှတ်ယူရမည်။

(ခ) အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက်ပေးသွင်းရမည်။"

၁၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မည်သူမဆို ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိလျှင် ထိုဝင်ငွေနှစ်အတွက် မိမိ၏ ဝင်ငွေကြေညာလွှာကိုလည်းကောင်း၊ ဘာသာရေး သို့မဟုတ် ကုသလိုလ်ရေးအဖွဲ့အစည်းများမှအပ ကုမ္ပဏီအပါအဝင် မည်သည့်ပုဂ္ဂိုလ်စုမဆို ထိုဝင်ငွေနှစ်အတွက် မြတ်စွန်းငွေရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝင်ငွေကြေညာလွှာကိုလည်းကောင်း စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဝင်ငွေနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ပေးပို့ရမည်။ သို့ရာတွင် လစာခေါင်းစဉ်မှ ဝင်ငွေသာရရှိသူဖြစ်လျှင် ယင်းသို့ ပေးပို့ရန်မလို။"

၁၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) ၏ နောက်တွင် ပုဒ်မခွဲငယ် (၆) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၆) ဤဥပဒေအရ မိမိဖြစ်ထွန်းရရှိသည့် ဝင်ငွေအပေါ် ကျသင့်အခွန်ကို ကိုယ်တိုင်တွက်ချက် စည်းကြပ်ပေးဆောင်စေရန် ခွင့်ပြုထားသူ။"

၁၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) အခြားနိုင်ငံတစ်ခုခု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုနှင့် ဝင်ငွေခွန်ကိစ္စပါဝင်သော အခွန်နှစ်ထပ် စည်းကြပ်ကောက်ခံမှု ရှောင်ရှားရေးသဘောတူ စာချုပ် သို့မဟုတ် အခွန်ဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန် လဲလှယ်ရေး သဘောတူစာချုပ် သို့မဟုတ် သက်သာသော အတိုးနှုန်းဖြင့် ချေးငွေရယူခြင်းဆိုင်ရာ သဘောတူစာချုပ်စသည့် သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုပါက ဤဥပဒေပါ အခြား ပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ ယင်းစာချုပ်ပါ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၂) ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ်

အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ လျှောက်ထား၍ ယင်းက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊"

၁၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃၄ ပါ "ပြည်သူ့တရားသူကြီးအဖွဲ့" ဆိုသည့်စကားရပ်များကို "ပြည်ထောင်စု တရားလွှတ်တော်ချုပ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဃ) ပါ "ယင်းတရားသူကြီးအဖွဲ့" ဆိုသည့် စကားရပ်ကို "ယင်းတရားလွှတ်တော်ချုပ်" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ဖြည့်စွက် ရမည်။

"(ဂ) အခွန်ထမ်းက မိမိရရှိမည့် ပြန်အမ်းငွေနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်စည်းကြပ်မှုတစ်ရပ်ရပ်အရ ပေးဆောင်ရမည့် အခွန်ငွေတွင် ခုနှိမ်ပေးရန် သို့မဟုတ် သတ်မှတ်ပေးရန် တင်ပြပါက မြို့နယ် အခွန်ဦးစီးဌာနမှူးသည် အခွန်ထမ်း၏ တင်ပြချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်သည်။

၁၈။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄၂ နှင့် ၄၄ တို့တွင် ပါရှိသော "ပုဒ်မ ၇ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး" ဆိုသည့် စကားရပ်ကို "မြို့နယ်အခွန်ဦးစီးဌာနမှူး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ပုဒ်မခွဲ (က) အရ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌တွေ့ရှိသော မည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသော စာရင်းများ၊ စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးခွင့်၊ ယင်းတို့ကို မှတ်မိစေရန် တံဆိပ်အမှတ်အသားရိုက်နှိပ်ခွင့်၊ မှတ်သားခွင့်၊ စနစ်တစ်ခုလုံးကိုဖြစ်စေ၊ ယင်းတို့မှ ကောက်နုတ်ထားချက်များကိုဖြစ်စေ ထုတ်ယူခွင့်၊ မိတ္တူကူးယူခွင့်၊ လုပ်ငန်း ဆောင်ရွက်နေမှုများနှင့် သက်ဆိုင်သည့် ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်း ရယူခွင့်၊"

၂၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၄ ၏ နောက်တွင် ၄၄-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၄၄-က။ ဥပဒေ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အခွင့်အာဏာကျင့်သုံးခြင်းခံရသော ဥပစာနေရာ၏ပိုင်ရှင် သို့မဟုတ် ဥပဒေနှင့်အညီနေထိုင်သူက ယင်း ပုဒ်မခွဲ (က) နှင့် (ခ) တို့နှင့်အညီ ပြုလုပ်ပိုင်ခွင့်ရှိသူ သို့မဟုတ် ပြုလုပ်ခွင့်ရှိသည့်အဖွဲ့က ဥပစာနေရာသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် သင့်လျော်သည့် အသုံးအဆောင်များနှင့် လိုအပ်သည့် အကူအညီများကို ပေးအပ်ရမည်။"

၂၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ငါးဆယ် ရာခိုင်နှုန်းနှင့်ညီမျှသောဒဏ်ငွေ" ဆိုသည့် စကားရပ်ကို "ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့် သည့် အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ထုတ်ပြန်နိုင်သည်။"

၂၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၅။ (က) ဤဥပဒေအရ အကြောင်းကြားစာ သို့မဟုတ် ဆင့်စာကို ထိုစာတွင် အမည်ဖော်ပြ ထားသူအားလည်းကောင်း၊ အကယ်၍ ပုဂ္ဂိုလ်စုဖြစ်လျှင် ယင်းပုဂ္ဂိုလ်စု၏ အရွယ်ရောက်သူ အဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ်

အုပ်ချုပ်သူ သို့မဟုတ် အတွင်းရေးမှူးအားလည်းကောင်း စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ ပေးပို့အတည်ပြုခြင်း သို့မဟုတ် တရားစီရင်ရေးအဖွဲ့မှ တရားမကိစ္စအတွက် ထုတ်ဆင့်သည့် သမ္မန်စာဖြစ်ဘိသကဲ့သို့ အတည်ပြုခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) နှင့်အညီ စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ အကြောင်းကြားစာ သို့မဟုတ် ဆင့်စာပေးပို့ဆောင်ရွက်ခြင်းသည် တရားဝင်အတည်ပြုခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) အခွန်ထမ်းသည် အကြောင်းကြားစာ သို့မဟုတ် ဆင့်စာကိုလက်ခံရရှိကြောင်း အကြောင်းပြန်ခြင်းကို ပုဒ်မခွဲ (က) ပါ နည်းများဖြင့် ပြန်လည်ပေးပို့ နိုင်သည်။"

၂၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့် အခွန်အနက် ကျပ်ငွေဖြင့် ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ပေးသော ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၆

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် )

### ကျွမ်းကျင်သူအဖြစ် ခန့်ထားခြင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၆) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးညွန့်တင်အား ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ တစ်လလျှင် ချီးမြှင့်ငွေ ၂၅၀,၀၀၀/-နှုန်း ခံစားစေလျက် ကျွမ်းကျင်သူအဖြစ် (ပထမအကြိမ်) တစ်နှစ် ခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

လှသိန်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက် )

အမှတ် ၅၀ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄)

လည်းကောင်း ဗီဒီယိုလုပ်ငန်းများကို စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ကယားပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ကယားပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးသန်းဆွေဝင်း<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ရဲမှူးကြီး မိုးမောင်သန်း<br>ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးခင်မောင်ညွန့်<br>ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးစိုး<br>ပြည်နယ်မန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (င) | ဦးသိန်းဇော်<br>ပြည်နယ်ဥပဒေအရာရှိ<br>ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (စ) | ဦးအောင်ကျော်ဆန်း<br>ဥက္ကဋ္ဌ<br>ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ | အဖွဲ့ဝင် |
| (ဆ) | ဒေါ်စိုးစိုးထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဇ) | ဦးကျော်သူ<br>ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

**[ ယခင်အပတ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (၂၀၁၆ ခုနှစ်၊ တိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် ၁ ။ ) မှ အဆက် ]**

[redacted]

နောက်ဆက်တွဲ

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်**

**ရန်ကုန်တိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေ**

**ကဏ္ဍအလိုက် ရည်မှန်းချက်များ**

လယ်ယာကဏ္ဍ ရန်မှန်းချက်များ

၁။ ရန်ကုန်တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ရာသီအလိုက် စိုက်ပျိုးသည့်သီးနှံများကို ရာသီချိန်အမီ စိုက်ပျိုးစေရေး၊ လျာထားဧကပြည့်မီစွာ စိုက်ပျိုးစေရေး ဆောင်ရွက်သွားမည်။

(ခ) သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ် GAP (၁၄) ချက်နှင့်အညီ စိုက်ပျိုးစေရေးအား တောင်သူများ လိုက်နာကျင့်သုံးစေ၍ တစ်ဧကအထွက်နှုန်း တိုးတက်စေရေးနှင့် စမ်းသပ်ကွက်၊ စံပြကွက်ကြီးများ ပြုလုပ် ဆောင်ရွက်မည်။

(ဂ) ဒေသအတွင်း စိုက်ပျိုးလျက်ရှိသည့် စပါးမျိုးကွဲများကို လျှော့ချပြီး ဒေသနှင့်ကိုက်ညီသည့် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များကို ရွေးချယ်၍ စိုက်ပျိုးစေရေး ဆောင်ရွက်မည်။

(ဃ) မျိုးစေ့အဆင့်ဆင့် နှစ်စဉ်ထုတ်လုပ်မည့် အစီအစဉ်အရ မျိုးသန့် မျိုးပွား မျိုးစေ့များကို စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် မှော်ဘီခြံ၊ သုံးခွခြံတို့မှရယူပြီး မျိုးသန့်စံပြရွာ၊ မျိုးသန့်ဇုန်တို့တွင် တစ်ကွင်း တစ်ဆက်တည်း စိုက်ပျိုးစေရေး ဆောင်ရွက်မည်။

(င) စပါး၊ ပဲမျိုးစုံ (ပဲတီစိမ်း၊ မတ်ပဲ) နှင့် ဆီထွက်သီးနှံဖြစ်သည့် (နေကြာ) တို့ကို မျိုးသန့်ပွားများ၍ ထွက်ရှိလာသည့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ CS များကို မျိုးသန့်လဲလှယ်စိုက်ပျိုးမည့် အကျိုးဆောင် တောင်သူများသို့ ဖြန့်ဝေ၍ မျိုးသန့်ပွားများ စိုက်ပျိုးစေရေး ဆောင်ရွက်မည်။

(စ) ဒေသရေမြေ ရာသီဥတုနှင့်ကိုက်ညီ၍ တောင်သူများ အကျိုးအမြတ်ရှိစေမည့် သုံးသီးစိုက် သီးနှံ ပုံစံများအား ရေးဆွဲဆောင်ရွက်မည်။

(ဆ) နှစ်စဉ်ရေကြီးနစ်မြုပ်သည့် ဒေသများတွင် ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေးအတွက် ချောင်းကောမြောင်းကောများ တူးဖော်ခြင်း၊ ရေတံခါးများတည်ဆောက်ခြင်း၊ မြစ်ရေကြီးမြင့်မှုနှင့် ပင်လယ်ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် တာတမံများ ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ် တည်ဆောက်ခြင်း၊ စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ရေလှောင်တမံများနှင့်ဆည်ရေသောက် စနစ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်။

(ဇ) ရိုးပြတ်မကျန် စိုက်ပျိုးစေရေး၊ ဧကပြည့် စိုက်ပျိုးစေရေး တွန်းအားပေး ဆောင်ရွက်သွားမည်။

(ဈ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးနည်းစနစ်ဆိုင်ရာ ပညာပေးသင်တန်း များနှင့် တောင်သူပညာပေး သရုပ်ပြပွဲများ (Field Day) များ ပြုလုပ်ဆောင်ရွက်သွားမည်။

(ည) စပါးရိတ်သိမ်းရာတွင် အလေအလွင့်နည်းစေရန်အတွက် ရိတ်သိမ်းချိန်တွင် နည်းပညာသင်တန်း များပေးခြင်း၊ အလေအလွင့်နည်းစေသည့် ရိတ်သိမ်းခြွေလှေ့စက်များအသုံးပြု၍ ရိတ်သိမ်းခြွေလှေ့ သွားရေး ပညာပေးဆောင်ရွက်သွားမည်။

(ဋ) တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များတွင် ဘာသာရပ်အထူးအဖွဲ့ (မျိုးစေ့ဌာနခွဲ၊ မြေအသုံးချရေး ဌာနခွဲ၊ ရောဂါပိုးမွှားကာကွယ်ရေးဌာနခွဲ) များဖွဲ့စည်း၍ တာဝန်များ ခွဲဝေသတ်မှတ်ဆောင်ရွက် သွားမည်။

(ဌ) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေကြီးမြေပုံနှင့် လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်း ကိန်းဂဏန်းမှန်ကန်ရေး ဆောင်ရွက်သွားမည်။

(ဍ) နွေစပါးလျာထားဧကပြည့်မီရေးအတွက် စိုက်ပျိုးရေများကို လုံလောက်အောင်ပေးဝေသွားမည် ဖြစ်ပြီး ရေတင်ခများကိုလည်း နှစ်ခြင်းကောက်ခံသွားမည်။

(ဎ) အရည်အသွေးမီသီးနှံများ ပိုမိုအထွက်တိုးစေရန် သီးထပ်၊ သီးညှပ်များ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများအား လယ်ယာသုံးစက်ကိရိယာများ ပိုမိုတိုးတက်သုံးစွဲလာစေရေး ပညာပေး ဆောင်ရွက်သွားမည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၄၆၃,၈၈၁ ․ ၃) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် (၄ ․ ၃) ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းထားပါသည်။

သားငါးကဏ္ဍ ရည်မှန်းချက်များ

၃။ ရန်ကုန်တိုင်းဒေသကြီး၏ သားငါးကဏ္ဍရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကျေးလက်ဒေသစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မဟာဗျူဟာမူဘောင် (၅) ချက်အတိုင်း ဆောင်ရွက်သွားမည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(ဂ) လူထုဗဟိုပြုစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(ဃ) ကျေးလက်လူငယ်များဖွဲ့စည်း၍ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများပို့ချ၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည်။

(င) Public Private Partnership စနစ်များကျင့်သုံး၍ အရင်းအနှီး၊ နည်းပညာနှင့်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်။

(စ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများခေါ်ယူ၍ ဖက်စပ်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(ဆ) လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပုဂ္ဂလိကအဖွဲ့အစည်းများအား အကာအကွယ်ပေးသည့် ဥပဒေနှင့် နည်းဥပဒေများ ညှိနှိုင်းရေးဆွဲသွားမည်။

(ဇ) အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနဓာတ်ခွဲခန်းများကို ISO အဆင့်နှင့် BSL 2 အဆင့်သို့ မြှင့်တင်ရန် နည်းပညာလိုအပ်ချက်နှင့် နိုင်ငံတကာ အကူအညီများရရှိရေး ညှိနှိုင်းဆောင်ရွက်သွားမည်။

(ဈ) ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေး ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်သွားမည်။

(ည) ကျွဲ၊ နွားရောဂါ ကာကွယ်ဆေးများဖြစ်သော လည်ချောင်းကွဲရောဂါ (၂၂၂၃၀၀) ကောင်၊ ဒေါင့်သန်းရောဂါ ကာကွယ်ဆေး (၁၀၇၃၀၀) ကောင်၊ ပေါင်ပုပ်လက်ပုပ် (၅၂၈၈၀) ကောင်နှင့် ခွာနာလျှာနာရောဂါကာကွယ်ဆေး (၃၀၀၀၀) ကောင်အား ထိုးနှံရန် လျာထားပါသည်။

(ဋ) မြစိမ်းရောင်ကျေးရွာ (အသားကဏ္ဍအတွက်) မွေးမြူရေးဆောင်ရွက်ရန် ရွာပေါင်း (၁၀) ရွာ လျာထားပါသည်။

(ဌ) မွေးမြူရေးဘဏ်စနစ်ဖြင့် ဆောင်ရွက်ရန် အသားစားဘဲနှင့်ဥစားဘဲဖြန့်ဖြူးမှု ကောင်ရေ (၂၅၀၀၀) နှင့် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဝက်ကောင်ရေ (၅၀၀) တို့ကို ဖြန့်ဖြူးရန် ခန့်မှန်းထားပါသည်။

(ဍ) နို့စားနွား၊ ခိုင်းနွား၊ အသားစားနွားများ၊ မျိုးကောင်းမျိုးသန့်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နို့စားနွားမျိုး (၁၀၀၀၀)၊ ခိုင်းနွား (၃၅၀၀) ခန့်နှင့် အသားစားနွားမျိုး (၁၅၀၀) စုစုပေါင်း မျိုးချောင်းပေါင်း (၁၅၀၀၀) ခန့်အား အခမဲ့မျိုးစပ်ရေးအတွက် လျာထားပါသည်။

(ဎ) မွေးမြူရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွေးမြူရေးသင်တန်း၊ သားစပ်သင်တန်းများ (၁၀) ခုခန့် ဖွင့်လှစ်ဆောင်ရွက်ရန် လျာထားပါသည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၏ သားငါးကဏ္ဍရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၆၁၆,၆၃၀․ ၉) ဖြစ်ပြီး တိုးတက်မှုနှုန်းအနေဖြင့် (၃․ ၆) ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

သစ်တောကဏ္ဍ ရန်မှန်းချက်များ

၅။ ရန်ကုန်တိုင်းဒေသကြီး၏ သစ်တောကဏ္ဍရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်

(က) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊

(ခ) သဘာဝဘေးအန္တရာယ်ကျရောက်ပါက ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် တတ်နိုင်သမျှကာကွယ်ရန်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ရရှိစေရန် ဒီရေတောများ ထိန်းသိမ်း စောင့်ရှောက်ရေး၊ ကြိုးပြင်ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းရေး၊

(ဂ) သစ်တောသယံဇာတများအသုံးပြုရာတွင် အလေအလွင့်နည်းပါးပြီး ဒေသခံပြည်သူများ အလုပ် အကိုင်တိုးမြှင့်ရရှိရန် သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာစေရေး၊

(ဃ) ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် သစ်တောသစ်ပင်များစိုက်ပျိုးရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောသစ်ပင်များမှ ဂေဟစနစ် ဝန်ဆောင်မှုများရရှိစေရေးနှင့်ဒေသသုံး သစ်နှင့်သစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊

(င) သစ်တောကဏ္ဍဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေး၊

(စ) ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် သစ်တောပြုစုထိန်းသိမ်းခြင်း ကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ် ခြင်းဖြင့် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတွင် အထောက်အကူ ဖြစ်စေရေး၊

(ဆ) ကျေးလက်နေပြည်သူများအတွက် အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များဖြည့်ဆည်းပေး နိုင်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာပိုင်သစ်တောစိုက်ခင်းများနှင့် ဒေသခံ ပြည်သူအစုအဖွဲ့ သစ်သောစိုက်ခင်းများ တည်ထောင်ပေးရေးလုပ်ငန်းများ ဆောင်ရွက်မည် ဖြစ်သည်။

၆။ ရန်ကုန်တိုင်းဒေသကြီး၏ သစ်တောကဏ္ဍရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်း ပေါင်း (၁,၂၉၀. ၅) ရည်မှန်းထားပါသည်။

စွမ်းအင်ကဏ္ဍ ရန်မှန်းချက်များ

၇။ ရန်ကုန်တိုင်းဒေသကြီး စွမ်းအင်ကဏ္ဍရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော စွမ်းအင် (ရေနံနှင့်သဘာဝဓာတ်ငွေ့) များကို ဖြည့်ဆည်းပေးသွားရန်၊

(ခ) စွမ်းအင်သုံးစွဲရာတွင် သုံးစွဲမှုနှင့်ပတ်ဝန်းကျင်ဖြစ်ပေါ်မှု သဟဇာတဖြစ်စေရေး ဦးတည်လျက် အသုံးပြုမှုနှင့် အလေအလွင့်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် စွမ်းအင်ချွေတာရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်၊

(ဂ) နိုင်ငံတကာနှင့်ဒေသတွင်း အဖွဲ့အစည်းများ၏ စွမ်းအင်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်သွားရန်၊

(ဃ) စွမ်းအင်သုံးစွဲမှုများတွင် အဓိကသုံးစွဲမှုဖြစ်သော အိမ်သုံးလောင်စာသုံးစွဲရာတွင် ထင်းမီးသွေး အပြင် အခြားလောင်စာအမျိုးအစားများကိုလည်း အစားထိုးသုံးစွဲသွားရန်၊

(င) စွမ်းအင် (ရေနံနှင့်သဘာဝဓာတ်ငွေ့) စီမံကိန်းများတွင် ခေတ်မီနည်းပညာများ အသုံးပြုခြင်းဖြင့် တိုင်းရင်းသားပညာရှင်များ၏ အရည်အသွေးတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်များပြုစု ပျိုးထောင်သွားရန်။

၈။ ရန်ကုန်တိုင်းဒေသကြီး၏ စွမ်းအင်ကဏ္ဍရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၃,၃၄၅. ၈) ဖြစ်ပါသည်။

သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ ရည်မှန်းချက်များ

၉။ ရန်ကုန်တိုင်းဒေသကြီး၏ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် အကျိုးတူသတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်ရန်၊

(ခ) အကျိုးတူ တူးဖော်လုပ်ကိုင်သောသတ္တုတွင်း၊ ဖက်စပ်လုပ်ကွက်များအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန်၊

(ဂ) ထုတ်လုပ်ခွင့်၊ ခွင့်ပြုမိန့်ရရှိသော သတ္တုတွင်း ဖက်စပ်လုပ်ကွက်များ တည်ရှိရာ ဒေသခံပြည်သူများ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေရေးဆောင်ရွက်ရန်၊

(ဃ) ထုတ်လုပ်ခွင့် ခွင့်ပြုမိန့်ရရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများ၊ နိုင်ငံတော်မှ အချိုးရရှိမည့် သတ္တုများ အပြည့်အဝရရှိရေး တွန်းအားပေးဆောင် ရွက်ရန်၊

(င) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သဘာဝသယံဇာတ တူးဖော်မှုလုပ်ငန်းများဆောင်ရွက်ရာ၌ သတ္တုမတူးဖော်မီ တင်ပြထားသော မိုင်းပိတ်သိမ်းမှုအစီအစဉ် (Reclaimation) အတိုင်း ဆောင်ရွက်ကြီးကြပ်သွားရန်၊

(စ) သတ္တုတူးဖော်မည့် ဒေသများရှိ သတ္တုတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်သည့် ကုမ္ပဏီအသင်းအဖွဲ့ များသို့ သတ္တုတွင်းဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးမှုလုပ်ငန်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်သတ္တုတွင်းစီမံကိန်းရုံးများမှတစ်ဆင့်သင်တန်းပို့ချခြင်းများ ဆောင်ရွက်သွားရန်၊

(ဆ) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်နိုင်ရန် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် စက်ရုံ အလုပ်ရုံများအား ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုပေးနိုင်ရေး ဆောင်ရွက်ရန်၊

(ဇ) သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်။

၁၀။ ရန်ကုန်တိုင်းဒေသကြီး၏ သတ္တုကဏ္ဍ ရည်မှန်းချက်တန်ဖိုးမှာ နှစ်အလိုက်ဈေးနှုန်းအရ ကျပ်သန်း ပေါင်း (၉,၈၁၈. ၂) ဖြစ်ပါသည်။ တိုးတက်မှုနှုန်းအနေဖြင့် (၃. ၇) ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းထား ပါသည်။

စက်မှုလက်မှုကဏ္ဍ ရည်မှန်းချက်များ

၁၁။ ရန်ကုန်တိုင်းဒေသကြီး၏ စက်မှုလက်မှုကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစားနှင့်အလတ်စား စက်မှု လုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေး၊

(ခ) အသေးစားနှင့်အလတ်စားလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်း များအား ဆက်လက်ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ကုန်များ တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရေး၊

[ ဆက်လက်ဖော်ပြပါမည်]

# ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးဒေသန္တရစီမံကိန်း ဥပဒေ
## (၂၀၁၆ခုနှစ်၊ တိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၇ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

## နိဒါန်း

ပဲခူးတိုင်းဒေသကြီးတွင် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်မည့် စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်နိုင်ရန် အလို့ငှာ တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်ပဲခူးတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ပဲခူးတိုင်းဒေသကြီးဒေသန္တရ စီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ပြည်သူအားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ စီမံကိန်းများ၌ ဒေသန္တရဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတို ငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါဝင်ပါသည်။ တိုင်းဒေသကြီး စီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းစသည့်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးအတွင်း ဒေသအလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်ပါသည်။

(ဃ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(GDP) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၇.၇ ရာခိုင်နှုန်းဖြစ်ပေါ်တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ-

(၁) လယ်ယာကဏ္ဍတွင် ၁.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ၉.၄ ရာခိုင်နှုန်းလျော့နည်း ဆောင်ရွက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင်၂၀.၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၂.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၀.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင်၂၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၁၁.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၅.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၆.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၆.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၇.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆.၀ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၄.၅ ရာခိုင်နှုန်းမှ ၃၂.၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၆.၁ ရာခိုင်နှုန်းမှ ၂၈.၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉.၄ ရာခိုင်နှုန်းမှ ၃၉.၄ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(ဃ) လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁၁၉၈၅၀၇ မှ ကျပ် ၁၃၄၅၉၈၄ သို့ဖြစ်ပေါ်လာရန်။

## အခန်း(၃)

## အထွေထွေ

၅။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)နှင့် (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်း အစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ ပြည်သူများ၏ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေပြီး "ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်" စီမံကိန်းများအား ဆက်စပ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော "ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုဖြစ်စေသော" စီမံကိန်းများအားငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့်အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကိုဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၈။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့်အဖွဲ့အစည်းများသည် ပြည်သူများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ တိုင်းဒေသကြီးစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တိုင်းဒေသကြီးအတွင်း ငြိမ်းချမ်းရေးကိုဖော်ဆောင်သော စီမံကိန်းများနှင့်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကိုအထောက်အကူပြုသောစီမံကိန်းများ ပါဝင်ရမည်။

၁၁။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့်အဖွဲ့အစည်းများသည် တိုင်းဒေသကြီးစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိက လုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရတွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိမရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၃။ တိုင်းဒေသကြီးအတွင်းရှိ ဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဒေသန္တရစီမံကိန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင် အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ညဏ်ဝင်း၊
ဝန်ကြီးချုပ်၊
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့။

ပူးတွဲ- ၁

**ပဲခူးတိုင်းဒေသကြီး၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | **လယ်ယာကဏ္ဍကြီး** | **၁၆၈၅၅၉၅. ၅** | **၃၄. ၄** | **၁. ၈** | **၁၇၂၅၇၂၇. ၉** | **၃၂. ၈** | **၂. ၄** |
| ၁ | လယ်ယာ | ၁၁၅၅၂၅၄. ၂ | ၂၃. ၆ | -၀. ၅ | ၁၁၇၆၁၄၆. ၂ | ၂၂. ၃ | ၁. ၈ |
| ၂ | သားငါး | ၅၂၂၂၃၈. ၂ | ၁၀. ၇ | ၇. ၇ | ၅၄၂၂၃၉. ၃ | ၁၀. ၃ | ၃. ၈ |
| ၃ | သစ်တော | ၈၁၀၃. ၁ | ၀. ၁ | -၉. ၄ | ၇၃၄၂. ၄ | ၀. ၂ | -၉. ၄ |
| **၂** | **စက်မှုကဏ္ဍကြီး** | **၁၂၃၃၀၆၁. ၃** | **၂၅. ၂** | **၁၂. ၀** | **၁၄၁၂၄၅၆. ၅** | **၂၆. ၈** | **၁၄. ၅** |
| ၁ | စွမ်းအင် | ၅၈. ၄ | ၀. ၀၀၁ | -၇. ၆ | ၇၀. ၁ | ၀. ၀၀၁ | ၂၀. ၀ |
| ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၂၄၂၂. ၈ | ၀. ၃ | -၃. ၂ | ၁၂၆၀၈. ၉ | ၀. ၂ | ၁. ၅ |
| ၃ | စက်မှုလက်မှု | ၉၆၀၅၀၉. ၆ | ၁၉. ၆ | ၁၁. ၄ | ၁၀၈၂၉၈၈. ၆ | ၂၀. ၆ | ၁၂. ၈ |
| ၄ | လျှပ်စစ်ဓာတ်အား | ၃၃၃၂၃. ၉ | ၀. ၇ | ၅. ၄ | ၃၆၈၉၁. ၃ | ၀. ၇ | ၁၀. ၇ |
| ၅ | ဆောက်လုပ်မှု | ၂၂၆၇၄၆. ၆ | ၄. ၆ | ၁၆. ၆ | ၂၇၉၈၉၇. ၆ | ၅. ၃ | ၂၃. ၄ |
| **၃** | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၉၇၄၇၈၃. ၇** | **၄၀. ၄** | **၁၁. ၅** | **၂၁၃၁၂၆၄. ၆** | **၄၀. ၄** | **၇. ၉** |
| ၁ | ပို့ဆောင်ရေး | ၆၈၈၅၅၂. ၆ | ၁၄. ၁ | ၁၃. ၅ | ၇၆၅၉၃၃. ၉ | ၁၄. ၅ | ၁၁. ၂ |
| ၂ | ဆက်သွယ်ရေး | ၂၃၆၃၆၇. ၇ | ၄. ၈ | ၃၃. ၇ | ၂၅၀၃၃၉. ၂ | ၄. ၈ | ၅. ၉ |
| ၃ | ငွေရေးကြေးရေး | ၇၉၉၅. ၉ | ၀. ၂ | ၆. ၃ | ၈၅၄၅. ၄ | ၀. ၂ | ၆. ၉ |
| ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၉၄၀၁၃. ၈ | ၁. ၉ | ၇. ၂ | ၉၉၇၂၆. ၇ | ၁. ၉ | ၆. ၁ |
| ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၂၁၃၀၉. ၄ | ၂. ၅ | ၈. ၁ | ၁၃၀၈၂၀. ၀ | ၂. ၄ | ၇. ၈ |
| ၆ | ကုန်သွယ်မှု | ၈၂၆၅၄၄. ၃ | ၁၆. ၉ | ၅. ၉ | ၈၇၅၈၉၉. ၄ | ၁၆. ၆ | ၆. ၀ |
| **၄** | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၄၈၉၃၄၄၀. ၅** | **၁၀၀. ၀** | **၈. ၁** | **၅၂၆၉၄၄၉. ၀** | **၁၀၀. ၀** | **၇. ၇** |

ပူးတွဲ- ၂

## ပဲခူးတိုင်းဒေသကြီး၏
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ
## ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | **ထုတ်လုပ်မှုတန်ဖိုး** | **၂၉၁၈၆၅၆. ၈** | **၅၉. ၆** | **၅. ၉** | **၃၁၃၈၁၈၄. ၄** | **၅၉. ၆** | **၇. ၅** |
| ၁ | လယ်ယာ | ၁၁၅၅၂၅၄. ၂ | ၂၃. ၆ | -၀. ၅ | ၁၁၇၆၁၄၆. ၂ | ၂၂. ၃ | ၁. ၈ |
| ၂ | သားငါး | ၅၂၂၂၃၈. ၂ | ၁၀. ၇ | ၇. ၇ | ၅၄၂၂၃၉. ၃ | ၁၀. ၃ | ၃. ၈ |
| ၃ | သစ်တော | ၈၁၀၃. ၁ | ၀. ၁ | -၉. ၄ | ၇၃၄၂. ၄ | ၀. ၂ | -၉. ၄ |
| ၄ | စွမ်းအင် | ၅၈. ၄ | ၀. ၀၀၁ | -၇. ၆ | ၇၀. ၁ | ၀. ၀၀၁ | ၂၀. ၀ |
| ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၂၄၂၂. ၈ | ၀. ၃ | -၃. ၂ | ၁၂၆၀၈. ၉ | ၀. ၂ | ၁. ၅ |
| ၆ | စက်မှုလက်မှု | ၉၆၀၅၀၉. ၆ | ၁၉. ၆ | ၁၁. ၄ | ၁၀၈၂၉၈၈. ၆ | ၂၀. ၆ | ၁၂. ၈ |
| ၇ | လျှပ်စစ်ဓာတ်အား | ၃၃၃၂၃. ၉ | ၀. ၇ | ၅. ၄ | ၃၆၈၉၁. ၃ | ၀. ၇ | ၁၀. ၇ |
| ၈ | ဆောက်လုပ်မှု | ၂၂၆၇၄၆. ၆ | ၄. ၆ | ၁၆. ၆ | ၂၇၉၈၉၇. ၆ | ၅. ၃ | ၂၃. ၄ |
| **၂** | **ဝန်ဆောင်မှုတန်ဖိုး** | **၁၁၄၈၂၃၉. ၄** | **၂၃. ၅** | **၁၅. ၉** | **၁၂၅၅၃၆၅. ၂** | **၂၃. ၈** | **၉. ၃** |
| ၁ | ပို့ဆောင်ရေး | ၆၈၈၅၅၂. ၆ | ၁၄. ၁ | ၁၃. ၅ | ၇၆၅၉၃၃. ၉ | ၁၄. ၅ | ၁၁. ၂ |
| ၂ | ဆက်သွယ်ရေး | ၂၃၆၃၆၇. ၇ | ၄. ၈ | ၃၃. ၇ | ၂၅၀၃၃၉. ၂ | ၄. ၈ | ၅. ၉ |
| ၃ | ငွေရေးကြေးရေး | ၇၉၉၅. ၉ | ၀. ၂ | ၆. ၃ | ၈၅၄၅. ၄ | ၀. ၂ | ၆. ၉ |
| ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၉၄၀၁၃. ၈ | ၁. ၉ | ၇. ၂ | ၉၉၇၂၆. ၇ | ၁. ၉ | ၆. ၁ |
| ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၂၁၃၀၉. ၄ | ၂. ၅ | ၈. ၁ | ၁၃၀၈၂၀. ၀ | ၂. ၄ | ၇. ၈ |
| **၃** | **ကုန်သွယ်မှုတန်ဖိုး** | **၈၂၆၅၄၄. ၃** | **၁၆. ၉** | **၅. ၉** | **၈၇၅၈၉၉. ၄** | **၁၆. ၆** | **၆. ၀** |
| **၄** | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၄၈၉၃၄၄၀. ၅** | **၁၀၀. ၀** | **၈. ၁** | **၅၂၆၉၄၄၉. ၀** | **၁၀၀. ၀** | **၇. ၇** |

ပူးတွဲ- ၃

**ပဲခူးတိုင်းဒေသကြီး၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | **လယ်ယာကဏ္ဍကြီး** | **၂၀၄၅၅၆၀. ၄** | **၃၄. ၅** | **၂၁၈၆၈၉၇. ၉** | **၃၂. ၅** | **၆. ၉** |
| ၁ | လယ်ယာ | ၁၃၈၉၆၀၅. ၇ | ၂၃. ၄ | ၁၄၄၇၉၈၅. ၂ | ၂၁. ၅ | ၄. ၂ |
| ၂ | သားငါး | ၆၄၇၁၈၃. ၄ | ၁၀. ၉ | ၇၃၀၈၄၈. ၂ | ၁၀. ၉ | ၁၂. ၉ |
| ၃ | သစ်တော | ၈၇၇၁. ၃ | ၀. ၂ | ၈၀၆၄. ၅ | ၀. ၁ | -၈. ၁ |
| **၂** | **စက်မှုကဏ္ဍကြီး** | **၁၅၄၆၂၄၄. ၄** | **၂၆. ၁** | **၁၈၈၉၁၈၉. ၁** | **၂၈. ၁** | **၂၂. ၂** |
| ၁ | စွမ်းအင် | ၁၀၇၉. ၈ | ၀. ၀၂ | ၁၃၀၆. ၄ | ၀. ၀၂ | ၂၁. ၀ |
| ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၅၂၇၈. ၉ | ၀. ၃ | ၁၅၅၅၅. ၂ | ၀. ၂ | ၁. ၈ |
| ၃ | စက်မှုလက်မှု | ၁၁၅၉၈၂၅. ၃ | ၁၉. ၆ | ၁၃၈၃၂၃၁. ၁ | ၂၀. ၆ | ၁၉. ၃ |
| ၄ | လျှပ်စစ်ဓာတ်အား | ၄၇၉၈၅. ၉ | ၀. ၈ | ၅၃၂၆၉. ၅ | ၀. ၈ | ၁၁. ၀ |
| ၅ | ဆောက်လုပ်မှု | ၃၂၂၀၇၄. ၅ | ၅. ၄ | ၄၃၅၈၂၆. ၉ | ၆. ၅ | ၃၅. ၃ |
| **၃** | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၃၃၈၄၀၅. ၆** | **၃၉. ၄** | **၂၆၄၇၁၀၄. ၃** | **၃၉. ၄** | **၁၃. ၂** |
| ၁ | ပို့ဆောင်ရေး | ၇၇၆၅၂၅. ၂ | ၁၃. ၁ | ၈၇၅၁၂၈. ၅ | ၁၃. ၀ | ၁၂. ၇ |
| ၂ | ဆက်သွယ်ရေး | ၁၄၇၃၇၇. ၇ | ၂. ၅ | ၁၈၀၈၂၁. ၄ | ၂. ၇ | ၂၂. ၇ |
| ၃ | ငွေရေးကြေးရေး | ၆၁၉၆. ၀ | ၀. ၁ | ၆၆၂၁. ၈ | ၀. ၁ | ၆. ၉ |
| ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၆၄၈၃၈. ၁ | ၂. ၈ | ၁၇၄၈၅၂. ၇ | ၂. ၆ | ၆. ၁ |
| ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၅၃၁၀၉. ၄ | ၂. ၅ | ၁၇၃၄၁၇. ၆ | ၂. ၆ | ၁၃. ၃ |
| ၆ | ကုန်သွယ်မှု | ၁၀၉၀၃၅၉. ၂ | ၁၈. ၄ | ၁၂၃၆၂၆၂. ၃ | ၁၈. ၄ | ၁၃. ၄ |
| **၄** | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅၉၃၀၂၁၀. ၄** | **၁၀၀. ၀** | **၆၇၂၃၁၉၁. ၃** | **၁၀၀. ၀** | **၁၃. ၄** |

ပူးတွဲ- ၄

**ပဲခူးတိုင်းဒေသကြီး၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | **ထုတ်လုပ်မှုတန်ဖိုး** | **၃၅၉၁၈၀၄.၈** | **၆၀.၆** | **၄၀၇၆၀၈၇.၀** | **၆၀.၆** | **၁၃.၅** |
| ၁ | လယ်ယာ | ၁၃၈၉၆၀၅.၇ | ၂၃.၄ | ၁၄၄၇၉၈၅.၂ | ၂၁.၅ | ၄.၂ |
| ၂ | သားငါး | ၆၄၇၁၈၃.၄ | ၁၀.၉ | ၇၃၀၈၄၈.၂ | ၁၀.၉ | ၁၂.၉ |
| ၃ | သစ်တော | ၈၇၇၁.၃ | ၀.၂ | ၈၀၆၄.၅ | ၀.၁ | -၈.၁ |
| ၄ | စွမ်းအင် | ၁၀၇၉.၈ | ၀.၀၂ | ၁၃၀၆.၄ | ၀.၀၂ | ၂၁.၀ |
| ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၅၂၇၈.၉ | ၀.၃ | ၁၅၅၅၅.၂ | ၀.၂ | ၁.၈ |
| ၆ | စက်မှုလက်မှု | ၁၁၅၉၈၂၅.၃ | ၁၉.၆ | ၁၃၈၃၂၃၁.၁ | ၂၀.၆ | ၁၉.၃ |
| ၇ | လျှပ်စစ်ဓာတ်အား | ၄၇၉၈၅.၉ | ၀.၈ | ၅၃၂၆၉.၅ | ၀.၈ | ၁၁.၀ |
| ၈ | ဆောက်လုပ်မှု | ၃၂၂၀၇၄.၅ | ၅.၄ | ၄၃၅၈၂၆.၉ | ၆.၅ | ၃၅.၃ |
| **၂** | **ဝန်ဆောင်မှုတန်ဖိုး** | **၁၂၄၈၀၄၆.၄** | **၂၁.၀** | **၁၄၁၀၈၄၂.၀** | **၂၁.၀** | **၁၃.၀** |
| ၁ | ပို့ဆောင်ရေး | ၇၇၆၅၂၅.၂ | ၁၃.၁ | ၈၇၅၁၂၈.၅ | ၁၃.၀ | ၁၂.၇ |
| ၂ | ဆက်သွယ်ရေး | ၁၄၇၃၇၇.၇ | ၂.၅ | ၁၈၀၈၂၁.၄ | ၂.၇ | ၂၂.၇ |
| ၃ | ငွေရေးကြေးရေး | ၆၁၉၆.၀ | ၀.၁ | ၆၆၂၁.၈ | ၀.၁ | ၆.၉ |
| ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၆၄၈၃၈.၁ | ၂.၈ | ၁၇၄၈၅၂.၇ | ၂.၆ | ၆.၁ |
| ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၅၃၁၀၉.၄ | ၂.၅ | ၁၇၃၄၁၇.၆ | ၂.၆ | ၁၃.၃ |
| **၃** | **ကုန်သွယ်မှုတန်ဖိုး** | **၁၀၉၀၃၅၉.၂** | **၁၈.၄** | **၁၂၃၆၂၆၂.၃** | **၁၈.၄** | **၁၃.၄** |
| **၄** | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅၉၃၀၂၁၀.၄** | **၁၀၀.၀** | **၆၇၂၃၁၉၁.၃** | **၁၀၀.၀** | **၁၃.၄** |

# စစ်ကိုင်းတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်း ဥပဒေ

## (၂၀၁၆ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အသေးစားငွေချေးလုပ်ငန်းကော်မတီကို ဆိုသည်။

(စ) **အသေးစားငွေချေးခြင်း**ဆိုသည်မှာ အခြေခံလူတန်းစား၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ယင်းတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရန် အာမခံပစ္စည်းတင်သွင်းရန်မလိုဘဲ အသေးစား ချေးငွေထုတ်ချေးသည့်လုပ်ငန်းကို ဆိုသည်။

(ဆ) **အသေးစားငွေချေးသူ**ဆိုသည်မှာ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိပြီး အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်သူကို ဆိုသည်။

(ဇ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ကော်မတီက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပေးသည့် အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ဆိုသည်။

(ဈ) **ဦးစီးဌာန**ဆိုသည်မှာ တိုင်းဒေသကြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနကို ဆိုသည်။

(ည) **တိုင်းဒေသကြီးဦးစီးဌာနမှူး**ဆိုသည်မှာ တိုင်းဒေသကြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၏ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အခြေခံလူတန်းစားများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်၊

(ခ) အခြေခံလူတန်းစားတို့အနေဖြင့် ကြီးမားသောအတိုးပေး၍ ငွေချေးယူနေရခြင်းမှ လွတ်မြောက်စေရန်၊

(ဂ) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊

(ဃ) အိမ်တွင်းစီးပွားရေးလုပ်ငန်းများ ဖန်တီးပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်၊

(င) အခြေခံလူတန်းစားများအတွက် အမှန်တကယ်လိုအပ်သော ငွေကြေးများကို သက်သာသော အတိုးနှုန်းဖြင့် ရရှိနိုင်စေရန်၊

(စ) တိုင်းဒေသကြီးအတွင်း အသေးစားငွေချေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ကော်မတီ ဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် -

(က) တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး ဦးစီးဌာနမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သင့်လျော်သော အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် တိုင်းဒေသကြီး အသေးစားငွေချေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အသေးစားငွေချေးလုပ်ငန်းဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်ချက်များကို ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဂ) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ်ပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်လိုသူအား အနည်းဆုံးထည့်ဝင်ရမည့် မတည်ငွေရင်း သတ်မှတ်ခြင်း၊

(င) အသေးစားငွေချေးလုပ်ငန်းအတွက် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကြေး၊ မတည်ငွေရင်းပမာဏ အပေါ် ကောက်ခံသည့်လိုင်စင်ကြေးနှင့် နှစ်စဉ်လိုင်စင်ကြေးများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(စ) စည်းကမ်းလိုက်နာမှုမရှိသော အသေးစားငွေချေးလုပ်ငန်းလိုင်စင်ရရှိသူများအား စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း၊

(ဆ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၆။ ဦးစီးဌာနသည် အသေးစားငွေချေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာများကို စိစစ်၍ သဘောထားမှတ်ချက်နှင့် အတူ ကော်မတီသို့ တင်ပြခြင်း၊

(ခ) အသေးစားငွေချေးသူများ ထိန်းသိမ်းထားရှိရမည့် စာရင်းပုံစံများနှင့် အစီရင်ခံရမည့်ပုံစံများကို သတ်မှတ်ခြင်း၊

(ဂ) အသေးစားငွေချေးသူများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း၊

(ဃ) အသေးစားငွေချေးသူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(င) ကော်မတီက အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၆)
## လိုင်စင်လျှောက်ထားခြင်းနှင့် ခွင့်ပြုချက်ထုတ်ပေးခြင်း

၇။ အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ သတ်မှတ်ထားသည့်လျှောက်လွှာပုံစံနှင့်အတူ လျှောက်ထားရမည်။

၈။ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားသူသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည် -

(က) စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှောက်ထားသည့်မြို့နယ်တွင် လုပ်ငန်းအခြေတကျ လုပ်ကိုင်နေထိုင်သူ နိုင်ငံသားဖြစ်ရမည်။

(ခ) ငွေကြေးဆိုင်ရာ ဂုဏ်သတင်းပျက်ယွင်းသူ မဖြစ်စေရ။

(ဂ) စိတ်ပေါ့သွပ်သူ မဖြစ်စေရ။

(ဃ) သာသနာ့ဝန်ထမ်း မဖြစ်စေရ။

(င) ကော်မတီမှ သတ်မှတ်ထားသော မတည်ငွေရင်း အမှန်တကယ် လက်ဝယ်ရှိသူ ဖြစ်ရမည်။

၉။ ဦးစီးဌာနသည် ကော်မတီကပေးပို့သော လျှောက်ထားသည့်လိုင်စင်လျှောက်လွှာကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်၍ လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း မိမိ၏သဘောထားမှတ်ချက်ဖြင့် ကော်မတီသို့ ပြန်လည်တင်ပြရမည်။

၁၀။ ကော်မတီသည် ဦးစီးဌာနမှတင်ပြလာမှုအပေါ် စိစစ်ပြီး လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၁။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးရန်ဆုံးဖြတ်လျှင် လိုင်စင်လျှောက်ထားသူအား လိုင်စင်ကြေးကို သတ်မှတ်ချက်များနှင့်အညီပေးသွင်းရန် ညွှန်ကြားရမည်။

၁၂။ ကော်မတီသည် လိုင်စင်လျှောက်ထားသူက လိုင်စင်ကြေးကို ပေးသွင်းပြီးကြောင်း အထောက်အထား တင်ပြလာမှသာ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ထုတ်ပေးရမည်။

၁၃။ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် လိုင်စင်တွင် သတ်မှတ်ခွင့်ပြုသော နယ်မြေအတွင်းသာ လုပ်ကိုင်ရမည်။

၁၄။ အသေးစားငွေချေးသူသည် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဖျက်သိမ်းလိုပါက ဖျက်သိမ်းလိုသည့် အကျိုးအကြောင်းဖော်ပြချက်ကို ပြည့်စုံစွာဖော်ပြ၍ ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်လျှောက်ထားရမည်။

၁၅။ ကော်မတီသည် ပုဒ်မ ၁၄ ပါ လုပ်ငန်းဖျက်သိမ်းခွင့်ပြုရန် လျှောက်ထားလွှာအား လက်ခံရရှိသည့်အခါ လိုင်စင်ရရှိသူ၏ ငွေချေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် စာရင်းရှင်းလင်းဆောင်ရွက်ရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၁၆။ ဦးစီးဌာနသည် -

(က) ကော်မတီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရန် ညွှန်ကြားချက်ကို လက်ခံရရှိသည့်အခါ လိုင်စင်ရရှိသူ၏ ငွေချေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ပေးရန်ရန်ရှိသည့်ကိစ္စရပ်များကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) စာရင်းရှင်းလင်းဆောင်ရွက်ပြီးစီးသည့်အခါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာကို ကော်မတီသို့ တင်ပြရမည်။

၁၇။ ကော်မတီသည် ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအစီရင်ခံစာကို လက်ခံရရှိသည့်အခါ အစိုးရအဖွဲ့ထံတင်ပြပြီး အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်အား ဖျက်သိမ်းရမည်။

## အခန်း (၇)
## လိုင်စင်ရရှိသူ၏ တာဝန်များ

၁၈။ အသေးစားငွေချေးလိုင်စင်ရရှိသူသည် -

(က) လိုင်စင်ရရှိသည့်နေ့မှ ခြောက်လအတွင်း လုပ်ငန်းစတင်ဆောင်ရွက်ရမည်။

(ခ) ငွေထုတ်ချေးရာတွင် ငွေချေးကတိစာချုပ် ချုပ်ဆိုပြီး ငွေထုတ်ချေးရမည်။ ငွေချေးကတိစာချုပ်မိတ္တူမှန်ကို ငွေချေးယူသူအား ပေးအပ်ရမည်။

(ဂ) ချေးငွေ ကျပ်တစ်ရာပေါ်တွင် တစ်လလျှင် အတိုးနှုန်း နှစ်ဒသမငါး ရာခိုင်နှုန်းထက်ပို၍ ရယူခြင်း မပြုရ။

(ဃ) ငွေချေးယူသူတစ်ဦးလျှင် ချေးငွေ ကျပ်တစ်ဆယ်သိန်းထက်ပို၍ ငွေထုတ်ချေးခြင်း မပြုရ။

(င) ငွေချေးယူသူအား ငွေထုတ်ချေးရာတွင် သတ်မှတ်ထားသော ငွေချေးမှတ်တမ်းပုံစံတွင် ပြည့်စုံစွာ ရေးသွင်းထားရမည်။

(စ) ငွေချေးကြောင်း သက်သေခံအထောက်အထားအဖြစ် ငွေချေးမှတ်တမ်းပုံစံ၏ မိတ္တူမှန်ကို ငွေချေးယူသူအားပေးအပ်ရမည်။

## အခန်း (၈)
## ငွေချေးယူသူ၏ တာဝန်များ

၁၉။ ငွေချေးယူသူသည် -

(က) နိုင်ငံသားဖြစ်ကြောင်း အထောက်အထားအဖြစ် အမျိုးသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်ကို လက်ခံနိုင်ရန်အတွက် မူရင်းနှင့် ပူးတွဲတင်ပြရမည်။

(ခ) ငွေချေးယူရာတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း အခြေတကျနေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် ပူးတွဲတင်ပြရမည်။

(ဂ) မိမိချေးယူခဲ့သောချေးငွေအတွက် သတ်မှတ်ထားသည့်အတိုးကို အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူထံ လစဉ်ပေးဆပ်ရမည်။

(ဃ) အသေးစားငွေချေးလိုင်စင်ရရှိသူအား တစ်နှစ်ပြည့်သည့်အချိန်တွင် ပေးရန်ကျန်ရှိသော အတိုးရောအရင်းပါ ပေးဆပ်ရမည်။ ထပ်မံချေးယူလိုပါက ငွေချေးကတိစာချုပ်အသစ် ချုပ်ဆိုပြီး ချေးယူနိုင်သည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၀။ ကော်မတီသည် လိုင်စင်ရရှိသူက ဤဥပဒေ အခန်း ၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် လိုင်စင်ရရှိသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်သက်တမ်းကို ကာလကန့်သတ်ချက်ဖြင့် ရပ်စဲခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ဖျက်သိမ်းခြင်း။

၂၁။ ပုဒ်မ ၂၀ အရ အရေးယူခံရသည့် လိုင်စင်ရရှိသူတစ်ဦးဦးသည် ကော်မတီ၏ရှေ့မှောက်တွင် ဖြေရှင်းတင်ပြခွင့် အပြည့်အဝ ရရှိစေရမည်။

## အခန်း (၁၀)
## အယူခံခြင်း

၂၂။ ဤဥပဒေ အခန်း ၉ အရ ကော်မတီကချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သော လိုင်စင်ရငွေချေးသူသည် အဆိုပါ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၃။ အစိုးရအဖွဲ့သည် ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၄။ အစိုးရအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## လိုင်စင်သက်တမ်း၊ လိုင်စင်ကြေး၊ ဒဏ်ကြေး၊ သက်တမ်းတိုးမြှင့်ခြင်း၊ လိုင်စင်သက်တမ်း တိုးမြှင့်ကြေး

၂၅။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်သက်တမ်းကို သတ်မှတ်ရမည်။

၂၆။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အသေးစားငွေချေးလုပ်ငန်းလိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် ဒဏ်ကြေးတို့ကို သတ်မှတ်ရမည်။

၂၇။ ကော်မတီသည် အသေးစားငွေချေးလုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့်ဒဏ်ကြေးတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ပြင်ဆင်ပြောင်းလဲ သတ်မှတ်နိုင်သည်။

၂၈။ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးမြှင့်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်၍ ဦးစီးဌာနမှတစ်ဆင့် ကော်မတီသို့ လျှောက်ထားရမည်။

၂၉။ ဦးစီးဌာနသည် လိုင်စင်ရရှိသူ၏ သက်တမ်းတိုးမြှင့်ပေးရန်လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှ (၁၅) ရက်အတွင်း မိမိ၏သဘောထားမှတ်ချက်ဖြင့် ကော်မတီသို့ တင်ပြရမည်။

၃၀။ ကော်မတီသည် ဦးစီးဌာန၏ သဘောထားမှတ်ချက်ဖြင့် တင်ပြလာသော လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန်လျှောက်လွှာကို စိစစ်ပြီး အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

## အခန်း (၁၂)

## တားမြစ်ချက်များ

၃၁။ မည်သူမဆို -

(က) လုပ်ငန်းလိုင်စင်မရှိဘဲ အသေးစားငွေချေးလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) လုပ်ငန်းလိုင်စင်သက်တမ်းကျော်လွန်ပြီး သက်တမ်းတိုးမြှင့်ခြင်းမပြုဘဲ အသေးစားငွေချေး လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၃၂။ မည်သည့်ငွေချေးယူသူမျှ -

(က) ဤဥပဒေအရ ငွေချေးယူသူသည် အသေးစားငွေချေးလုပ်ငန်းလိုင်စင်ရရှိသူထံမှ ငွေချေးယူပြီးနောက် သတ်မှတ်ထားသည့်အတိုးငွေကို တစ်ဆက်တစ်စပ်တည်း ခြောက်လထက်ပို၍ ပေးဆပ်ရန် ပျက်ကွက်ခြင်းမပြုရ။

(ခ) ဤဥပဒေအရ ငွေချေးယူသူသည် အသေးစားငွေချေးလုပ်ငန်းလိုင်စင်ရရှိသူထံမှ ငွေချေးယူပြီးနောက်တစ်နှစ်ပြည့်သောအချိန်တွင် ပေးရန်ကျန်ရှိသောအတိုးရောအရင်းပါ ပေးဆပ်ရန် ပျက်ကွက်ခြင်း မပြုရ။

၃၃။ မည်သည့်လုပ်ငန်းလိုင်စင်ရရှိသူမျှ ကော်မတီ၏ ခွင့်ပြုချက် မရရှိလျှင် -

(က) လုပ်ငန်းတည်နေရာ ပြောင်းရွှေ့လုပ်ကိုင်ခြင်း မပြုရ။

(ခ) လုပ်ငန်းလိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရ။

## အခန်း (၁၃)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၄။ မည်သူမဆို ပုဒ်မ ၃၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်လမှ အများဆုံး ထောင်ဒဏ်ခြောက်လအထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၆။ မည်သူမဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို သုံးလထက် မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသောင်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၁၄)**

**အထွေထွေ**

၃၇။ အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် ကိုယ်ပိုင်လုပ်ငန်းအမည်၊ ကိုယ်ပိုင်တံဆိပ်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၃၈။ ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သာ သက်ဆိုင်စေရမည်။

၃၉။ အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် အခွန်စည်းကြပ်မှုနှင့်စပ်လျဉ်း၍ တည်ဆဲ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄၀။ ပုဒ်မ ၃၄ နှင့် ပုဒ်မ ၃၆ အရ တရားစွဲဆိုသောပြစ်မှုများကို တိုင်းဒေသကြီးဦးစီးဌာနမှူးကဖြစ်စေ၊ ၎င်းကလွှဲအပ်သောအရာရှိကဖြစ်စေ သက်ဆိုင်ရာတရားရုံးတွင် တရားလိုအဖြစ် ဦးတိုက်လျှောက်ထား တရားစွဲဆိုရမည်။

၄၁။ ပုဒ်မ ၃၅ အရ တရားစွဲဆိုသောပြစ်မှုများကို အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ ဖြစ်စေ၊ ၎င်းကတရားဝင်လွှဲအပ်သော ကိုယ်စားလှယ်ကဖြစ်စေ သက်ဆိုင်ရာတရားရုံးတွင် တရားလိုအဖြစ် ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။

၄၂။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုများနှင့်စပ်လျဉ်း၍ တရားလိုက ကျေနပ်လျှင် တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျေအေးခွင့်ရှိသည်။

၄၃။ ဤဥပဒေမပြဋ္ဌာန်းမီက တိုင်းဒေသကြီးအတွင်း အသေးစားငွေချေးလုပ်ငန်းလုပ်ကိုင်လျက်ရှိသူသည် အသေးစားငွေချေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ သုံးလအတွင်း ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၄၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ကော်မတီသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဦးစီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ကော်မတီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရခိုင်ပြည်နယ်လွှတ်တော်
## ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ရခိုင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ
## (၂၀၁၆ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

### နိဒါန်း

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်မည့် စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ရခိုင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ရခိုင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ ရခိုင်ပြည်နယ်၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ ခရိုက်များအလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်နယ်အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ စီမံကိန်းများ၌ ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် (၂၀) နှစ်ရှည်စီမံကိန်း၊ ကာလတို ငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ ဒေသန္တရစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကိုအခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ ခရိုင်များအလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ပြည်နယ် အစိုးရအဖွဲ့၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်း၏ အရေးကြီးသည့်ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ (၆. ၈) ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် (၇. ၁) ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် (၃. ၄) ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် (၃၆. ၁) ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် (၇. ၀) ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် (၉. ၃) ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် (၃. ၀) ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် (၁၇. ၀) ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် (၂၅. ၄) ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် (၄. ၆) ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် (၀. ၆) ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် (၇. ၁) ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် (၄. ၁) ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် (၅. ၈) ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် (၄. ၈) ရာခိုင်နှုန်းတိုးတက်ရန်။

(ဂ) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာ ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၁၈. ၃) ရာခိုင်နှုန်းမှ (၁၆. ၉) ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၄၆. ၅) ရာခိုင်နှုန်းမှ (၅၁. ၉) ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၅. ၂) ရာခိုင်နှုန်းမှ (၃၁. ၂) ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(ဃ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် (၁၁၁၀၄၄၆) မှ ကျပ် (၁၃၄၆၂၉၄) သို့ ဖြစ်ပေါ်လာရန်၊

## အခန်း (၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သောလုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေပြီး **"ပတ်ဝန်းကျင်နှင့်လူမှုစီးပွားထိခိုက်မှု အနည်းဆုံးဖြစ်စေမည့်"** စီမံကိန်း များအား ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှု မရှိသော **"ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုဖြစ်စေသော"** စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြအောင်
ပြည်နယ်ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကန့်သတ်

ပူးတွဲ- ၁

**ရခိုင်ပြည်နယ်၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**

(၂၀၁၀-၂၀၁၁ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ယာယီ) တန်ဖိုး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ယာယီ) ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် တန်ဖိုး | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၅၃၈,၄၅၃. ၁** | **၂၆. ၃** | **၅၆၈,၁၀၅. ၃** | **၂၆. ၀** | **၅. ၅** |
| | ၁ | လယ်ယာ | ၂၉၂,၃၂၃. ၆ | ၁၄. ၃ | ၃၁၂,၉၄၉. ၀ | ၁၄. ၃ | ၇. ၁ |
| | ၂ | သားငါး | ၂၄၄,၁၀၇. ၆ | ၁၁. ၉ | ၂၅၂,၄၀၃. ၇ | ၁၁. ၅ | ၃. ၄ |
| | ၃ | သစ်တော | ၂,၀၂၁. ၉ | ၀. ၁ | ၂,၇၅၂. ၆ | ၀. ၁ | ၃၆. ၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၄၅၁,၈၇၉. ၂** | **၂၂. ၀** | **၅၁၃,၈၅၁. ၃** | **၂၃. ၅** | **၁၃. ၇** |
| | ၁ | စွမ်းအင် | ၅,၅၄၅. ၀ | ၀. ၃ | ၅,၉၃၅. ၂ | ၀. ၃ | ၇. ၀ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃,၄၅၆. ၈ | ၀. ၂ | ၃,၇၇၉. ၉ | ၀. ၂ | ၉. ၃ |
| | ၃ | စက်မှုလက်မှု | ၂၂၅,၁၆၆. ၂ | ၁၁. ၀ | ၂၃၁,၉၇၃. ၂ | ၁၀. ၆ | ၃. ၀ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၀,၀၀၄. ၁ | ၀. ၅ | ၁၁,၇၀၁. ၁ | ၀. ၅ | ၁၇. ၀ |
| | ၅ | ဆောက်လုပ်မှု | ၂၀၇,၇၀၇. ၁ | ၁၀. ၂ | ၂၆၀,၄၆၁. ၉ | ၁၁. ၉ | ၂၅. ၄ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁,၀၅၈,၄၅၃. ၉** | **၅၁. ၇** | **၁,၁၀၆,၃၃၃. ၄** | **၅၀. ၅** | **၄. ၅** |
| | ၁ | ပို့ဆောင်ရေး | ၅၇၂,၄၀၅. ၀ | ၂၇. ၉ | ၅၉၈,၈၆၁. ၀ | ၂၇. ၄ | ၄. ၆ |
| | ၂ | ဆက်သွယ်ရေး | ၅၆,၄၄၉. ၅ | ၂. ၈ | ၅၆,၇၉၈. ၄ | ၂. ၆ | ၀. ၆ |
| | ၃ | ငွေရေးကြေးရေး | ၁,၃၃၃. ၀ | ၀. ၁၀ | ၁,၄၂၇. ၆ | ၀. ၁၀ | ၇. ၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၅,၅၅၇. ၅ | ၂. ၂ | ၄၇,၄၀၄. ၃ | ၂. ၂ | ၄. ၁ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၇၃,၃၃၅. ၀ | ၃. ၆ | ၇၇,၆၁၈. ၂ | ၃. ၅ | ၅. ၈ |
| | ၆ | ကုန်သွယ်မှု | ၃၀၉,၃၇၃. ၉ | ၁၅. ၁ | ၃၂၄,၂၂၃. ၉ | ၁၄. ၈ | ၄. ၈ |
| **၄** | | **စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)** | **၂,၀၄၈,၇၈၆. ၂** | **၁၀၀. ၀** | **၂,၁၈၈,၂၉၀. ၀** | **၁၀၀. ၀** | **၆. ၈** |

ကန့်သတ်

ကန့်သတ်

ပူးတွဲ- ၃

**ရခိုင်ပြည်နယ်၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ယာယီ) | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၉၉၀,၃၃၂.၃** | **၄၈.၃** | **၁,၀၈၁,၉၅၆.၆** | **၄၉.၅** | **၉.၃** |
| | ၁ | လယ်ယာ | ၂၉၂,၃၂၃.၆ | ၁၄.၃ | ၃၁၂,၉၄၉.၀ | ၁၄.၃ | ၇.၁ |
| | ၂ | သားငါး | ၂၄၄,၁၀၇.၆ | ၁၁.၉ | ၂၅၂,၄၀၃.၇ | ၁၁.၅ | ၃.၄ |
| | ၃ | သစ်တော | ၂,၀၂၁.၉ | ၀.၁ | ၂,၇၅၂.၆ | ၀.၁ | ၃၆.၁ |
| | ၄ | စွမ်းအင် | ၅,၅၄၅.၀ | ၀.၃ | ၅,၉၃၅.၂ | ၀.၃ | ၇.၀ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃,၄၅၆.၈ | ၀.၂ | ၃,၇၇၉.၉ | ၀.၂ | ၉.၃ |
| | ၆ | စက်မှုလက်မှု | ၂၂၅,၁၆၆.၂ | ၁၁.၀ | ၂၃၁,၉၇၃.၂ | ၁၀.၆ | ၃.၀ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၀,၀၀၄.၁ | ၀.၅ | ၁၁,၇၀၁.၁ | ၀.၅ | ၁၇.၀ |
| | ၈ | ဆောက်လုပ်မှု | ၂၀၇,၇၀၇.၁ | ၁၀.၂ | ၂၆၀,၄၆၁.၉ | ၁၁.၉ | ၂၅.၄ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၇၄၉,၀၈၀.၀** | **၃၆.၆** | **၇၈၂,၁၀၉.၅** | **၃၅.၇** | **၄.၄** |
| | ၁ | ပို့ဆောင်ရေး | ၅၇၂,၄၀၅.၀ | ၂၇.၉ | ၅၉၈,၈၆၁.၀ | ၂၇.၄ | ၄.၆ |
| | ၂ | ဆက်သွယ်ရေး | ၅၆,၄၄၉.၅ | ၂.၈ | ၅၆,၇၉၈.၄ | ၂.၆ | ၀.၆ |
| | ၃ | ငွေရေးကြေးရေး | ၁,၃၃၃.၀ | ၀.၁ | ၁,၄၂၇.၆ | ၀.၁ | ၇.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၅,၅၃၇.၅ | ၂.၂ | ၄၇,၄၀၄.၃ | ၂.၂ | ၄.၁ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၇၃,၃၃၅.၀ | ၃.၆ | ၇၇,၆၁၈.၂ | ၃.၅ | ၅.၈ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၃၀၉,၇၇၃.၉** | **၁၅.၁** | **၃၂၄,၂၂၃.၉** | **၁၄.၈** | **၄.၈** |
| **၄** | | **စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၂,၀၄၈,၇၈၆.၂** | **၁၀၀.၀** | **၂,၁၈၈,၂၉၀.၀** | **၁၀၀.၀** | **၆.၈** |

ကန့်သတ်

ပူးတွဲ- ၃

**ရခိုင်ပြည်နယ်၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
(နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ယာယီ) | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၆၆၃,၉၅၉. ၂** | **၁၈. ၃** | **၇၅၃,၇၈၅. ၉** | **၁၆. ၉** | **၁၃. ၅** |
| | ၁ | လယ်ယာ | ၃၄၉,၂၆၂. ၁ | ၉. ၆ | ၃၉၉,၈၂၂. ၇ | ၉. ၀ | ၁၄. ၅ |
| | ၂ | သားငါး | ၃၁၂,၅၅၇. ၁ | ၈. ၆ | ၃၅၀,၉၄၃. ၉ | ၇. ၉ | ၁၂. ၃ |
| | ၃ | သစ်တော | ၂,၁၄၀. ၀ | ၀. ၁ | ၃,၀၁၉. ၃ | ၀. ၁ | ၄၁. ၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁,၆၈၇,၇၀၂. ၀** | **၄၆. ၅** | **၂,၃၀၄,၃၆၆. ၇** | **၅၁. ၉** | **၃၆. ၅** |
| | ၁ | စွမ်းအင် | ၁,၁၂၁,၇၃၄. ၇ | ၃၀. ၉ | ၁,၆၀၀,၃၉၀. ၆ | ၃၅. ၉ | ၄၂. ၇ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄,၂၅၄. ၁ | ၀. ၁ | ၅,၄၇၃. ၄ | ၀. ၁ | ၂၈. ၇ |
| | ၃ | စက်မှုလက်မှု | ၂၅၅,၆၉၂. ၅ | ၇. ၀ | ၂၇၉,၃၇၅. ၈ | ၆. ၃ | ၉. ၃ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၄,၀၇၈. ၈ | ၀. ၄ | ၁၆,၄၂၆. ၆ | ၀. ၄ | ၁၆. ၇ |
| | ၅ | ဆောက်လုပ်မှု | ၂၉၁,၉၄၁. ၉ | ၈. ၀ | ၄၀၂,၇၀၀. ၃ | ၉. ၁ | ၃၇. ၉ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁,၂၇၆,၁၆၆. ၇** | **၃၅. ၂** | **၁,၃၈၁,၉၂၃. ၅** | **၃၁. ၂** | **၈. ၃** |
| | ၁ | ပို့ဆောင်ရေး | ၆၄၀,၀၇၅. ၀ | ၁၇. ၆ | ၆၇၂,၇၃၄. ၇ | ၁၅. ၃ | ၅. ၁ |
| | ၂ | ဆက်သွယ်ရေး | ၂၆,၅၄၄. ၆ | ၀. ၇ | ၃၃,၃၆၈. ၃ | ၀. ၈ | ၂၅. ၇ |
| | ၃ | ငွေရေးကြေးရေး | ၁,၀၃၂. ၉ | ၀. ၀ | ၁,၁၀၆. ၃ | ၀. ၀ | ၇. ၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၂,၀၂၉. ၁ | ၂. ၄ | ၈၅,၃၅၄. ၄ | ၁. ၉ | ၄. ၁ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၉၁,၉၇၀. ၀ | ၂. ၅ | ၁၀၂,၁၁၁. ၉ | ၂. ၃ | ၁၁. ၀ |
| | ၆ | ကုန်သွယ်မှု | ၄၃၄,၅၁၅. ၁ | ၁၂. ၀ | ၄၈၇,၂၄၇. ၉ | ၁၁. ၀ | ၁၂. ၁ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၃,၆၂၇,၈၂၇. ၉** | **၁၀၀. ၀** | **၄,၄၄၀,၀၇၆. ၁** | **၁၀၀. ၀** | **၂၂. ၄** |

ကန့်သတ်

ကန့်သတ်

ပူးတွဲ- ၄

**ရခိုင်ပြည်နယ်၏**
**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (ယာယီ) | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂,၃၅၁,၆၆၀. ၂** | **၆၄. ၈** | **၃,၀၅၈,၁၅၂. ၆** | **၆၈. ၈** | **၃၀. ၀** |
| | ၁ | လယ်ယာ | ၃၄၉,၂၆၂. ၁ | ၉. ၆ | ၃၉၉,၈၂၂. ၇ | ၉. ၀ | ၁၄. ၅ |
| | ၂ | သားငါး | ၃၁၂,၅၅၇. ၁ | ၈. ၆ | ၃၅၀,၉၄၃. ၉ | ၇. ၉ | ၁၂. ၃ |
| | ၃ | သစ်တော | ၂,၁၄၀. ၀ | ၀. ၁ | ၃,၀၁၉. ၃ | ၀. ၁ | ၄၁. ၁ |
| | ၄ | စွမ်းအင် | ၁,၁၂၁,၇၃၄. ၇ | ၃၀. ၉ | ၁,၆၀၀,၃၉၀. ၆ | ၃၅. ၉ | ၄၂. ၇ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၄,၂၅၄. ၁ | ၀. ၁ | ၅,၄၇၃. ၄ | ၀. ၁ | ၂၈. ၇ |
| | ၆ | စက်မှုလက်မှု | ၂၅၅,၆၉၂. ၅ | ၇. ၀ | ၂၇၉,၃၇၅. ၈ | ၆. ၃ | ၉. ၃ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၄,၀၇၈. ၈ | ၀. ၄ | ၁၆,၄၂၆. ၆ | ၀. ၄ | ၁၆. ၇ |
| | ၈ | ဆောက်လုပ်မှု | ၂၉၁,၉၄၁. ၉ | ၈. ၀ | ၄၀၂,၇၀၀. ၃ | ၉. ၁ | ၃၇. ၉ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၈၄၁,၆၅၁. ၆** | **၂၃. ၂** | **၈၉၄,၆၇၅. ၆** | **၂၀. ၂** | **၆. ၃** |
| | ၁ | ပို့ဆောင်ရေး | ၆၄၀,၀၇၅. ၀ | ၁၇. ၆ | ၆၇၂,၇၃၄. ၇ | ၁၅. ၃ | ၅. ၁ |
| | ၂ | ဆက်သွယ်ရေး | ၂၆,၅၄၄. ၆ | ၀. ၇ | ၃၃,၃၆၈. ၃ | ၀. ၈ | ၂၅. ၇ |
| | ၃ | ငွေရေးကြေးရေး | ၁,၀၃၂. ၉ | ၀. ၀၃ | ၁,၁၀၆. ၃ | ၀. ၀ | ၇. ၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၂,၀၂၉. ၁ | ၂. ၄ | ၈၅,၃၅၄. ၄ | ၁. ၉ | ၄. ၁ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၉၁,၉၇၀. ၀ | ၂. ၅ | ၁၀၂,၁၁၉. ၉ | ၂. ၃ | ၁၁. ၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၄၃၄,၅၁၅. ၁** | **၁၂. ၀** | **၄၈၇,၂၄၇. ၉** | **၁၁. ၀** | **၁၂. ၁** |
| **၄** | | **စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)** | **၃,၆၂၇,၈၂၇. ၉** | **၁၀၀. ၀** | **၄,၄၄၀,၀၇၆. ၁** | **၁၀၀. ၀** | **၂၂. ၄** |

# ၂၀၁၆-၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ
## (၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် )

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ အကျိုးသက်ရောက်သည့်ကာလနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ဒုတိယကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေသည် ၂၀၁၆ ဘဏ္ဍာနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၄။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(၁) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ရှမ်းပြည်နယ်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(၃) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(၄) **လုပ်ငန်းစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချက်အလက်များကို ဆိုသည်။

(၅) **နှစ်ကုန်ခန့်မှန်းခြေ**ဆိုသည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ (၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒုတိယ (၆) လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းကို ဆိုသည်။

(၆) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(၇) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(၈) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍအနက် ကဏ္ဍတစ်ရပ်ရပ်ကို ဆိုသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ ရှမ်းပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ)ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း(၂)
## ဦးတည်ချက်

၅။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(၂) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်ပေးပြီး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(၃) ပြည်နယ်အတွင်း ကျေးလက်၊ မြို့ပြများအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(၄) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရေး၊

(၅) အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(၆) လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး၊

(၇) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေး မူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

## အခန်း(၃)
## စီမံကိန်းလျာထားချက်

၆။ ရှမ်းပြည်နယ်အစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည်-

(၁) ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ရည်မှန်းချက်မှာ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ပုံမှန်ဈေးနှုန်းအရ ကျပ်သန်းပေါင်း (၃၇၆၉၅၉၂. ၀) (ကျပ်ဘီလီယံ ၃၇၆၉. ၅) ရရှိအောင် ဆောင်ရွက်ရမည်။

(၂) စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ (၇. ၀) ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၃) ရှမ်းပြည်နယ်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို နှစ်အလိုက် ဈေးနှုန်းအရ (၃၇. ၅) ရာခိုင်နှုန်းမှ (၃၅. ၀)ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၂၃. ၅) ရာခိုင်နှုန်းမှ (၂၆. ၆) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၃၉. ၀) ရာခိုင်နှုန်းမှ (၃၈. ၄) ရာခိုင်နှုန်း အသီးသီးပြောင်းလဲ ဖြစ်ပေါ်စေရမည်။

(၄) ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁. ၃) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁၈. ၆) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၅. ၄) ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

## အခန်း(၄)
## ကဏ္ဍအလိုက် မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

၇။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) သီးနှံမျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရန်နှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်၊

(၂) တောင်သူလယ်သမားများထံ ခေတ်မီစိုက်ပျိုးနည်းပညာများ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရန်၊

(၃) ရေရှည် တည်တံ့သည့် စိုက်ပျိုးရေး ဖွံ့ဖြိုးမှုရရှိစေရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်သွားရန်၊

(၄) စက်မှုလယ်ယာစနစ် ကူးပြောင်းရေးနှင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေရှိမည့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေ တိုးတက်ရရှိရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လယ်ယာကဏ္ဍတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၀၃၁၆၄၅. ၇) (ကျပ် ဘီလီယံ ၁၀၃၁. ၆) နှင့် တိုးတက်မှုနှုန်း (၁. ၉) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) အထွက်ကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုဆောင်ရွက်သွားပါမည်။

(၃) တောင်ပေါ်ဒေသများတွင် ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေးနှင့် စနစ်ကျလှေကားထစ်လယ်ယာမြေများ တိုးတက်ပေါ်ထွန်းလာစေရေး ဆောင်ရွက်သွားပါမည်။

(၄) ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးပြုဆောင်ရွက်သွားပါမည်။

(၅) ဆည်မြောင်းတာတမံများမှ အကျိုးပြုဧရိယာဧကများ ပိုမိုလာစေရေး ဆောင်ရွက်သွားပါမည်။

(၆) စံပြစက်မှုလယ်ကွက် (Mechanized Farm) များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားပါမည်။

(၇) မြေကြီးမြေပုံ မှန်ကန်ရေး၊ လယ်ယာကဏ္ဍစာရင်းအင်းများ အချိန်နှင့်တစ်ပြေးညီ ကောက်ယူနိုင်ရေးနှင့် တိကျမှန်ကန်ရေး ဆောင်ရွက်သွားပါမည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အရည်အသွေးနှင့် အထွက်နှုန်းကောင်းမျိုးများ သုံးစွဲဆောင်ရွက်မည်။

(၂) လယ်ယာသုံးစက်ကိရိယာများ တိုးတက်သုံးစွဲနိုင်ရေးနှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းခြင်းကို တိုးချဲ့ဆောင်ရွက်သွားမည်။

(၃) နည်းလမ်းအမျိုးမျိုးဖြင့်လည်းကောင်း၊ သီးနှံအလိုက်လည်းကောင်း၊ ရေးသွင်းစိုက်ပျိုးမည့် ဧရိယာဧကများ ပြည့်မီစေရန် ဆောင်ရွက်မည်။

(၄) သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးသွားမည်။

၈။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) စားနပ်ရိက္ခာဖူလုံစေရန်၊

(၂) သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရန်နှင့် စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးမှု လုပ်ငန်းများကို သက်ဆိုင်သူများအားလုံး (Stakeholder) ပူးပေါင်းပါဝင် ဆောင်ရွက်ရန်၊

( ခ ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၈၉၈၄၁၀. ၂) (ကျပ်ဘီလီယံ ၂၈၉၈. ၈) နှင့် တိုးတက်မှုနှုန်း (၄. ၇) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မွေးမြူသူများအား မွေးမြူထားသည့် တိရစ္ဆာန်များ ကူးစက်ရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ကုသခြင်း၊ စီမံချက်များချမှတ် ဆောင်ရွက်ခြင်း၊ ပညာပေး ဆွေးနွေးဟောပြောခြင်း၊ ဇီဝလုံခြုံမှု မြှင့်တင်ဆောင်ရွက်သွားမည်။

(၂) မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သော အရင်းအနှီးများ ရရှိအောင် ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်။

(၃) သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

(၄) တစ်ပိုင်တစ်နိုင်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစေရေးအတွက် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် တိရစ္ဆာန်များ ထိန်းသိမ်းမွေးမြူသွားမည်။

၉။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲနိုင်ရန်၊

(၂) ရေမြေသဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊

(၃) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရန်၊

(၄) ကြိုးဝိုင်းတောနှင့် ထိန်းသိမ်းရေးနယ်မြေများ တိုးမြှင့်သွားနိုင်ရန်အတွက် သစ်တောနယ်မြေ အမျိုးအစားအလိုက် ဖွဲ့စည်းသွားရန်၊

(၅) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊

(၆) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောပြုစုထိန်းသိမ်းရာတွင် ပြည်သူလူထုက ပါဝင်လှုပ်ရှားလာစေရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၈၄၉၉. ၃) (ကျပ်ဘီလီယံ ၈. ၅)နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) နှင့် နှိုင်းယှဉ်ပါက (၆၄. ၀) ရာခိုင်နှုန်း လျော့နည်းရည်မှန်းထားပါသည်။

(၂) သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်သွားမည်ဖြစ်သည်။

(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်သည်။

(၄) ကျွန်းနှင့်သစ်မာများကို နှစ်စဉ်တောထွက်အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်မည်။

(၅) သစ်လုံးရောင်းချခြင်းကိုလျှော့ချ၍ တန်ဖိုးမြှင့်သစ်အချောထည် ထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်သွားမည်ဖြစ်သည်။

၁၀။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုတူးဖော်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရန်၊

(၂) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရေးနှင့် ဒေသခံပြည်သူများ ထိခိုက်နစ်နာမှု မရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(၃) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးဆောင်ရွက်ရာ၌ လက်လုပ်လက်စား (တစ်နိုင်တစ်ပိုင်) ဓာတ်သတ္တုထုတ်လုပ်သူ တိုင်းရင်းသားများကိုလည်း မျှတစွာ ထောက်ပံ့အားပေးဆောင်ရွက်ရန်၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၀၆၇၂၆. ၈) (ကျပ်ဘီလီယံ ၁၀၆. ၇) နှင့် တိုးတက်မှုနှုန်း (၁၄. ၄) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထား ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) စီမံကိန်းလျာထားချက်နှင့်အညီ ဓာတ်သတ္တုများ ထုတ်လုပ်နိုင်ရေး အလေးထား ဆောင်ရွက်သွားမည်။

(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်။

(၃) သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်သွားမည်။

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲ ဆောင်ရွက်သွားမည်။

(၅) ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိက လုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝ ရရှိရေး တွန်းအားပေး ဆောင်ရွက်သွားမည်။

၁၁။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရန်၊

(၂) သွင်းကုန်အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ ထုတ်ကုန်များတိုးမြှင့်ရေးအတွက် ဆောင်ရွက်ရန်၊

(၃) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်၊

(၄) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရန်၊

(၅) ပြည်တွင်းရှိ သယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားမည်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၄၅၉၈၈၁. ၅) (ကျပ်ဘီလီယံ ၄၅၉. ၉) နှင့် တိုးတက်မှုနှုန်း (၈. ၈) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့် ရှိစေရန်၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) အသေးစားနှင့် အလတ်စားလုပ်ငန်းဌာနများ ဖွင့်လှစ်၍ အသေးစားနှင့် အလတ်စား လုပ်ငန်းများ တိုးတက်မှုဖြစ်လာစေရေး နည်းပညာအကူအညီ ပံ့ပိုးပေးသွားမည်။

(၂) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်း အထောက်အကူပြု အဖွဲ့အစည်းများ၊ တစ်နေရာတည်းမှ ခွင့်ပြုဆောင်ရွက်ပေးသည့် စနစ် ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်။

(၃) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အချိတ်အဆက်မိမိဖြင့် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်သွားမည်။

(၄) လုပ်သားအခြေပြုစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားမည်။

(၅) ကျွမ်းကျင်လုပ်သားများကို စနစ်တကျလေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံတကာအဆင့်မီ အရည်အချင်းရှိသူများဖြစ်သည်အထိ လေ့ကျင့်ပျိုးထောင်ပေးခြင်းကို ဆောင်ရွက်သွားမည်။

(၆) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမယ်သစ်များ ထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်။

(၇) တည်ဆောက်ပြီး စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စက်မှုဇုန်အသစ်များကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

၁၂။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရရှိနိုင်သမျှ ရေအား၊ လေအား၊ နေအား၊ အပူစွမ်းအင်နှင့် အခြားစွမ်းအင်အရင်းအမြစ်များ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပြီး ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်၊

(၂) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ပုဂ္ဂလိကပိုင်းမှ ပါဝင်လာစေရေးအတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်သွားရန်၊

(၃) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် သက်ရောက်မှု အနည်းဆုံးဖြစ်စေရေးအတွက် EIA/SIA သုံးသပ်မှုများ ပြုလုပ်ဆောင်ရွက်သွားရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၅၉၈၈၃. ၃) (ကျပ်ဘီလီယံ ၅၉. ၉) နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ)နှင့် နှိုင်းယှဉ်ပါက (၃. ၆) ရာခိုင်နှုန်း လျော့နည်းရည်မှန်းထားပါသည်။

(၂) တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုးတက်ဖြန့်ဖြူးပေးနိုင်ရန် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများအား တိုးချဲ့တည်ဆောက်သွားပါမည်။

(၃) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးသွားပါမည်။

(၄) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်နှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားပါမည်။

(၅) လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူး၊ သုံးစွဲနေသော မြန်မာနိုင်ငံ ဓာတ်အားစနစ်၏ အရည်အသွေးအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ပို့အားအဆင့်အတွင်း ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရန် မိမိတို့၏ ကျွမ်းကျင်ဝန်ထမ်းများနှင့် နိုင်ငံတကာမှ အတတ်ပညာ အကူအညီရယူကာ ဆက်လက်ဆောင်ရွက်သွားပါမည်။

(၆) လျှပ်စစ်မီးရရှိသည့် ကျေးရွာများအရေအတွက် ပိုမိုလာစေရေး ကြိုးပမ်းဆောင်ရွက်သွားပါမည်။

(၇) တည်ဆောက်ပြီး ဓာတ်အားပေးစက်ရုံများအား စက်စွမ်းအားပြည့်လည်ပတ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သွားပါမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၅၀၀ ကေဗွီ၊ ၂၃၀ ကေဗီ၊ ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများအား ဆောင်ရွက်သွားမည်။

(၂) ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းမျိုးစုံကို ဒေသအလိုက် သင့်လျော်သလို ဆောင်ရွက်သွားမည်။

(က) ဓာတ်အားစနစ်မှ ဓာတ်အားရယူခြင်း၊

(ခ) အသေးစားရေအားလျှပ်စစ်စက်များ အသုံးပြုခြင်း၊
(ဂ) နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများအသုံးပြုခြင်း၊

၁၃။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-
(၁) ဆောက်လုပ်ရေးကဏ္ဍကို စနစ်ကျ၍ ခေတ်မီစွာဖွံ့ဖြိုးတိုးတက်စေရန်၊
(၂) လမ်း၊ တံတားများ အဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန်၊
(၃) မြို့ပြနှင့်အိမ်ရာကဏ္ဍကို ဟန်ချက်ညီညီ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူတို့၏ နေထိုင်မှုအဆင့်မြှင့်တင်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၃၆၆၅၂၉. ၃) (ကျပ်ဘီလီယံ ၃၆၆. ၅) နှင့် တိုးတက်မှုနှုန်း (၄၁. ၄) ရာခိုင်နှုန်း ရရှိရန်ရည်မှန်းထားပါသည်။
(၂) လမ်း/တံတားများကို အာဆီယံအဆင့်မီရေး အကောင်အထည်ဖော် ဆောင်ရွက်မည်။
(၃) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားစေရေး ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(၁) ပြည်ထောင်စုလမ်းများအား အဆင့်တိုးမြှင့် ဆောင်ရွက်သွားမည်။
(၂) မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်သည့် ကျွမ်းကျင်မှု အကူအညီများ ဆောင်ရွက်ပေးသွားမည်။
(၃) ကျေးရွာချင်းဆက်လမ်းများအား အသစ်ဖောက်လုပ်ခြင်း၊ မြေမှအမာခံလမ်း၊ အမာခံလမ်းမှ ကျောက်ချောလမ်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဆင့်များသို့ တိုးမြှင့်ဆောင်ရွက် သွားမည်။
(၄) ပြည်နယ်အစိုးရ၏ လမ်းညွှန်ဆောင်ရွက်ချက်များဖြင့် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများ ရေးဆွဲခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

၁၄။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-
(၁) ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးတို့ကို အထောက်အကူပြုသော လမ်းပန်း ဆက်သွယ်မှု တိုးတက်စေရေးနှင့် ပုဂ္ဂလိကခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးရန်၊
(၂) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိက လုပ်ငန်းများနှင့် ပူးတွဲဆောင်ရွက်သွားရန်၊
(၃) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် စေရန်အတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၈၃၀၂၄. ၈) (ကျပ်ဘီလီယံ ၂၈၃. ၀) နှင့် တိုးတက်မှုနှုန်း (၃. ၅) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။
(၂) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား စီမံကိန်း ရည်မှန်းချက်ထက် ပိုမိုရရှိအောင် ဆောင်ရွက်သွားမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(၁) ကုန်းကြောင်း၊ လေကြောင်းစသည့် ပို့ဆောင်ရေးကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး အတွက် ခရီးသည်နှင့် ကုန်စည်များ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်း များကို ဆောင်ရွက်သွားမည်။

(၂) ကုန်းလမ်းပို့ဆောင်ရေး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အသိပညာပေးဟောပြောပွဲ၊ သင်တန်းများပေးခြင်းတို့ကို ဆောင်ရွက်သွားမည်။

၁၅။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ တယ်လီဖုန်းသိပ်သည်းဆနှင့် အင်တာနက်သုံးစွဲမှုများ တိုးတက်လာစေရန်၊

(၂) e-Government လုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်၊

(၃) စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးတိုးတက်စေရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၆၂၈၃၅.၅) (ကျပ် ဘီလီယံ ၁၆၂.၉) နှင့် တိုးတက်မှုနှုန်း (၄.၈) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ဆက်လက်ဆောင်ရွက်သွားမည်။

(၂) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်တွင်း/ပြည်ပ တယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန် စီစဉ်ဆောင်ရွက်မည်။

(၃) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ်၊ အမြန်ငွေပို့လွှာလုပ်ငန်း (Online Money Order) စနစ်အား စတင်ဆောင်ရွက်မည်။

(၄) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ်ဆက်သွယ်မှုစနစ် (Back-up System) အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း (e-Telegram) ကြေးနန်းများကို တိုးချဲ့ခြင်းကို ဆောင်ရွက်မည်။

၁၅။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာအထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာ ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၈၂၃၆.၆) (ကျပ်ဘီလီယံ ၈.၂) နှင့်တိုးတက်မှုနှုန်း (၈.၂) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်ဝန်ဆောင်မှုကောင်းမွန်စေရန် IT နည်းပညာများ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်။

(၂) ATM ကွန်ရက် တိုးချဲ့တပ်ဆင်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများ အဆင့်တိုးမြှင့်ခြင်း ဆောင်ရွက်သွားမည်။

၁၇။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရန်၊

(၂) နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရန်၊

(၃) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန်၊

(၄) ကျန်းမာရေးစနစ်ကို အားဖြည့်မြှင့်တင်ဆောင်ရွက်ခြင်းအား အထူးအလေးပေး ဆောင်ရွက်ရန်၊

(၅) အလုပ်သမားများ ကျန်းမာမှု တိုးတက်ကောင်းမွန်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအား မြင့်မာပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရန်၊

(၆) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရန်၊

(၇) ရေတို၊ ရေရှည်လုပ်ငန်းများကို ပြည်သူများအား ပြန်ကြားအသိပေးရန်၊

(၈) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်အဆင့် ဌာနဆိုင်ရာ များက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရန်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၈၄၃၂၀. ၅) (ကျပ်ဘီလီယံ ၈၄. ၃) နှင့် တိုးတက်မှုနှုန်း (၂. ၃) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

၁၈။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု ကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ပုဂ္ဂလိကပိုင် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင့်မြှင့်တင်ရေး ဆောင်ရွက်ပေးရန်၊

(၂) တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲစေမည့် ဝန်ဆောင်မှုလုပ်ငန်းများအား စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်းမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက် ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၆၆၀၂၈. ၉)

(ကျပ်ဘီလီယံ ၂၆၆. ၁) နှင့် တိုးတက်မှုနှုန်း (၁၀. ၇) ရာခိုင်နှုန်း ရရှိရန်ရည်မှန်းထား ပါသည်။

၁၉။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရန်၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရန်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၃၂၀၃၈. ၆) (ကျပ်ဘီလီယံ ၆၃၂. ၁)နှင့် တိုးတက်မှုနှုန်း (၄. ၆) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

၂၀။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP) နှင့် စပ်လျဉ်း၍ နှစ်အလိုက်စျေးနှုန်းအရ ကျပ် (၈၁၂၉၇၅) ဖြစ်ပေါ်လာရန် ရည်မှန်းပါသည်။

၂၁။ ရှမ်းပြည်နယ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နှင့် စပ်လျဉ်း၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့အစည်းများ ငွေလုံးငွေရင်း အသုံးစရိတ်အတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုကျပ် ၁၅၄၆၁၁. ၉၂၇ သန်း (ကျပ်ဘီလီယံ ၁၅၄. ၆) လျာထားပါသည်။

## အခန်း (၅)

## အထွေထွေ

၂၂။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန် ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၂၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် စီစဉ်မှုများ ချမှတ်ကျင့်သုံး ဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) စဝ်အောင်မြတ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် ( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး ၇ ဦးအား ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့် ခန့်ထားလိုက်သည် -

**စဉ် အမည်**

(၁) ဦးစောဒေါ်လာနန်းစိုးဟိန်း
(၂) ဦးအောင်ပြည့်စုံ
(၃) ဒေါ်သိမ့်သိမ့်သူ
(၄) ဒေါ်သက်ထားဟေမန်
(၅) ဦးအောင်ဖြိုးကို
(၆) ဦးစိုက်လင်း
(၇) ဒေါ်နန်းမေညွန့်ရီ

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

### အမျိုးသားလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

အမျိုးသားလွှတ်တော်ရုံး၊ စီမံရေး၊ ဘဏ္ဍာရေးနှင့် ကျန်းမာရေးဌာနကြီးမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်နှောင်းအား ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့် ခန့်ထားလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာ (၄၉/၂၀၁၆)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက် )

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဖလပ်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၇၈၄/ဇင်းကျိုက်ရွာကွင်း)၊ မြေကွက်အမှတ်( ၁၀၅၂/၁၁၈၁ )(ဦးပိုင်အမှတ် - ၄၀၀)၊ **မြေဧရိယာ (၀. ၄၆)ဧက** အား **ရသေ့ပျံ ဘုန်းတော်ကြီးကျောင်း** မြေအဖြစ်အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာမြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက် )

အမှတ် ၈ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ၏ ဇယား "က" လမ်းမကြီးများစာရင်းတွင် အောက်ဖော်ပြပါလမ်းကို ပြင်ဆင်ကြေညာလိုက်သည် -

**ဇယား "က" လမ်းမကြီးများ**

**မကွေးတိုင်းဒေသကြီး**

| အမှတ်စဉ် | လမ်းအမည် | တိုင်းအတွင်းရှိ လမ်း၏မိုင်အရှည် | | ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း၏မိုင်အရှည် | | | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လမ်း၏မိုင်အရှည် | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | မိုင် | ဖာလုံ | မိုင် | ဖာလုံ | ပေ | မိုင် | ဖာလုံ | ပေ | |
| (၁) | (၂) | (၃) | | (၄) | | | (၅) | | | (၆) |
| ၆၂။ | ခရိုင်ချင်းဆက်လမ်း အမှတ်(၁) နတ်မောက်မြို့နယ်အပိုင်း (ပေါက်ကံမှ အိုင်းမနက်ချောင်းအပိုင်း) (ကတ္တရာလမ်း) | | | ၁၄ | ၅ | ၄၄၇′ | | | | |

မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဤဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာတွင်ပါရှိသော ဇယား "က" လမ်းမကြီးများ၏ စုစုပေါင်းမိုင်အရှည်ကို (၁၅၈၂ မိုင် ၅ ဖာလုံ ၆၀၆ ပေ) အစား (၁၅၈၂ မိုင် ၇ ဖာလုံ ၃၉၃ ပေ) ဟု ပြင်ဆင် သတ်မှတ်လိုက်သည်။

ခန့်ဇော်၊
ညွှန်ကြားရေးမှူးချုပ်၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် ( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ကောင်းမေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(Kaung May Trading Company Limited)** အား

**အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်**

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

ကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစု ဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | ။ ။ | ၁-၁၀-၂၀၁၆ |
| ကျင်းပမည့်အချိန် | ။ ။ | နံနက် (၉း၃၀) နာရီ၊ |
| ကျင်းပမည့်နေရာ | ။ ။ | အမှတ် (၂၂၁)၊ ၇၇ လမ်းနှင့် ၃၄ လမ်းထောင့်၊ ကစ္စနမဟီရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည် ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်မြင့်မြင့်အေး
အထက်တန်းရှေ့နေ
(စဥ်-၂၁၂၄၀)

## ဆက်ဗဲ (န်) ဗစ်လာ ကုမ္ပဏီလီမိတက်
## (7 VILLA COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဆက်ဗဲ (န်) ဗစ်လာ ကုမ္ပဏီလီမိတက် (7 VILLA COMPANY LIMITED)** အား (၃၀-၈-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမင်းဗညားစန်း
Director
7 Villa Company Limited

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

## အင်အားသစ် ကျောက်မျက် ကုမ္ပဏီလီမိတက်
## (INN ARR THIT GEMS COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အင်အားသစ် ကျောက်မျက် ကုမ္ပဏီလီမိတက် (INN ARR THIT GEMS COMPANY LIMITED)** အား (၃၀-၈-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး **(B.Com, Dip I.F.R, Diploma in Business Law)** အား တွဲဖက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်သန်းဦး
Managing Director
Inn Arr Thit
Gems Co., Ltd.

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

**ကံကောင်းခြင်း ခေါင်းလောင်း သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်**

**(LUCKY BELL MINING COMPANY LIMITED)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ကံကောင်းခြင်း ခေါင်းလောင်း သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (LUCKY BELL MINING COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့၊ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် - ၁၇၆ (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

**တော်ဝင်အလင်း ကုမ္ပဏီလီမိတက်**

**(ROYAL LIGHT COMPANY LIMITED)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**တော်ဝင်အလင်း ကုမ္ပဏီလီမိတက် (ROYAL LIGHT COMPANY LIMITED)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့၊ နံနက် (၁၀း၃၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် - ၁၇၆ (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

**မြန်မာ ဂျပန် ဘစ် (ဇ်) နက် (ဇ်) ဆပ်ပို့(ထ်)တင်း ဆားဗစ်ဆက် (စ်) စင်တာ ကုမ္ပဏီလီမိတက်**

**(MYANMAR JAPAN BUSINESS SUPPORTING SERVICES CENTER CO.,LTD.)** အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မြန်မာ ဂျပန် ဘစ် (ဇ်) နက် (ဇ်) ဆပ်ပို့ (ထ်)တင်း ဆားဗစ်ဆက် (စ်) စင်တာ ကုမ္ပဏီလီမိတက် (MYANMAR JAPAN BUSINESS SUPPORTING SERVICES CENTER CO.,LTD.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့ နေ့လယ် (၁၃း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် - ၁၇၆ (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

**ရာဇဂုဏ် ကုမ္ပဏီလီမိတက်**

**(YARZA GON COMPANY LIMITED)**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ရာဇဂုဏ် ကုမ္ပဏီလီမိတက် (YARZA GON COMPANY LIMITED)** အား (၂၄-၈-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), C.P.A]အား စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့ကို နောက်ဆုံး ထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ် နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးတေဇာလင်း
မန်နေးဂျင်းဒါရိုက်တာ
ရာဇဂုဏ် ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ညီညွတ်စွမ်းအား အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်

## (UNITY FORCE INTERNATIONAL COMPANY LIMITED)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ညီညွတ်စွမ်းအား အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် (UNITY FORCE INTERNATIONAL COMPANY LIMITED)** အား (၂၄-၈-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), C.P.A]အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါက်တာနိုင်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
ညီညွတ်စွမ်းအား အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## မြန်မာ ပင်လယ်ပြာ ခရီးသွားလာရေး လီမိတက်

## (Myanmar Blue Ocean Travels & Tours Co., Ltd.) အား

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံး အစည်းအဝေးကို (၈-၁၀-၂၀၁၆) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် အခန်း (၇၀၃)၊ ၇-လွှာ၊ တိုက်အမှတ်-ဘီ၊ East Point Condo၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါမည်။

MYAT LWIN MOE
B.Com (Q), C.P.A
Certified Public Accountant
AUDITOR

## VOLUNTARY LIQUIDATION OF MALAYAN BANKING BERHAD

## (MAYBANK) (YANGON REPRESENTATIVE OFFICE)

In accordance with the Special Resolution passed at Extraordinary General Meeting held on 28th November, 2015 at MALAYAN BANKING BERHAD, Head Office, Kuala Lumpur, U SOE WIN, B.A, B.L, Advocate was appointed as liquidator.

The creditors of MALAYAN BANKING BERHAD (MAYBANK), YANGON REPRESENTATIVE OFFICE standing as at 30th November, 2015 balance sheet date are requested to submit their claims together with supporting legal documents to the above mentioned liquidator not later than 3-10-2016.

Abdul Malek Mohd Khair
Chief Representative
MALAYAN BANKING BERHAD (MAYBANK),
Yangon Representative Office
No. 7 th Floor, Centre Point Towers,
No. 65, Corner of Sule Pagoda and Merchant Street,
Kyauktada Township, Yangon.

U SOE WIN (B.A, B.L, Advocate)
Liquidator
Unit # 411, 412 and 415, Level 4,
Strand Square, No. 53, Strand Road,
Pabedan Township, Yangon.
Ph: 01-2307365

## IN THE MATTER OF THE MYANMAR COMPANIES ACT AND QIYAN FASHION COMPANY LIMITED NOTICE FOR VOLUNTARY WINDING UP UNDER SECTION 206 (1) & CLAIMS NOTICE

At an Extraordinary General Meeting of the shareholders of the Company held at its Registered Office at Plot No.103, Myay Taing Quarter No. 51, Kyauk Seinn Street, Thardukan Industrial Zone, Shwe Pyi Thar Township, Yangon, Myanmar at 9:00 AM on 1-9-2016, the following resolutions were passed as Special Resolutions:

Resolved -

(1) "that the Company, be, and is hereby decided to be wound up voluntarily".

(2) "that Daw Tin Win Yu, be, and is hereby appointed Liquidator of the Qiyan Fashion Company Limited for winding up and also authorised & be granted power to such extent and for suitable period necessary for the voluntary winding up.

And Claim Notice is also hereby issued by liquidator:

I, the under signed Liquidator of the above named company, have fixed the date for liquidation at 1-10-2016. The creditors of the above named company are requested to submit their claims together with the detail evidence of the debts and the claims after the Liquidation date will not be considered for the benefit as creditors.

Mr. Zhang Yuewen
Managing Director
Qiyan Fashion Company Limited

Daw Tin Win Yu
Liquidator
FAMAT GROUP
Phone: 01-2304349, 01-523327